www.burmeseclassic.com

# မစ်ဝါ

နှင့်

# အိမ်ကြီးရှင်သရဲမ




သုဓာဘာသီသကါဏ်ထွန်းမြင့်

(သရဲ၊တစ္ဆေ၊စုန်း၊ကဝေတို့အကြောင်း)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ် (၁၀၀၀)

အဖုံးဖလင်

“အဖုံးဒီ … ဆုမွန်”

တန်ဖိုး (၅၀၀)ကျပ်

ထုတ်ဝေသူ

ဦးသန်းထွဋ်အောင် (မြ ၀၃၉၆၇)
အမှတ်(၂၇၁)၊ လမ်း(၄၀)(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အဖုံး/အတွင်း ပုံနှိပ်သူ

ဦးဝင်းအောင် (Main ပုံနှိပ်တိုက်) (မြ ၀၁၁၁၉)
အမှတ်-၁၉၁၊ ၃၉-လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။

ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)

သုတေသီသက်ထွန်းမြင့် 294.3
မဖဲဝါနှင့်အိမ်ရှင်သရဲမ
ဖိုးရာဇာစာပေ၊ ၂၀၁၆၊ ရန်ကုန်
၁၉၂-စာ၊ ၁၂ x ၁၈ စင်တီ

www.burmeseclassic.com

www.burmeseclassic.com

# မဖဲဝါ
# နှင့်
# အိမ်ကြီးရှင်သရဲမ

---

သုတေသီသက်ထွန်းမြင့်

*

ဖြန့်ချိရေး
ဖိုးရာဇာစာအုပ်
အမှတ်-၂၄၃၊ လမ်း(၄၀
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၄၃၀၆၇၈၉၆

www.burmeseclassic.com

www.burmeseclassic.com

- ရတနာမြတ်သုံးပါး
  အနန္တော ၁ အနန္တ ငါးပါး
  ဦးထိပ်ထား၍
- ဘဝတစ်ကွေ့ တွေ့ခဲ့ရသည့်
- ထမင်းတစ်လုတ် ကျွေးခဲ့ဖူးသူ
- ရေတစ်မှုတ် တိုက်ခဲ့ဖူးသူ
- စကားတစ်ခွန်း ညွှန်းဆိုခဲ့ဖူးသူ

နှင့်

"ချစ်သူ၊ မုန်းသူ"

တို့အား

ထာဝရဂါရဝဖြင့်

သုတေသီသက်ထွန်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ

နိဒါန်း
သို့မဟုတ်
သရဲတစ္ဆေတို့ ဘဝအတွေ့အတွေ့ကို ချိုးဖျက်ခြင်း [illegible]
၁။
ပန်းနံ့သာစံအိမ်ဖြစ်ရပ်ဆန်း
၂။ ၂၃
သရဲခြောက်တဲ့အိမ်
၃။ ၃၆
ကျွန်တော်နှင့်သရဲမအိမ်ကြီးရှင်
၄။ ၄၇
မဖဲဝါနှင့်အိမ်ကြီးရှင်သရဲမဇာတ်ကြောင်းပြန်
၅။ ၅၈
မကောင်းဆိုးဝါးမျက်နှာ
၆။ ၆၉
တမလွန်ရေဆန်

www.burmeseclassic.com

www.burmeseclassic.com



၇။ ၁၁၀
အကြိုထောက်တဲ့ဝိညာဉ်
၈။ ၁၂၀
သစ်ဘီလူး
၉။ ၁၂၈
ပရလောကမှစိန်ခေါ်နေသူများ
၁၀။ ၁၄၁
မဖဲဝါဘာမှမသိ
၁၁။ ၁၅၀
တမလွန်မှအချစ်ပေါ်ဘင်း
၁၂။ ၁၆၂
အိုဘယ့် မဖဲဝါ
၁၃။ ၁၇၄
ရဟာန်းနှင့်တစ္ဆေအကြောင်း
၁၄။ ၁၈၅
လူ၊ သရဲတစ္ဆေနှင့် သေခြင်းတရား
၁၅။ ၁၉၃
နိဂုံး

www.burmeseclassic.com

www.burmeseclassic.com



နိဒါန်း
သို့မဟုတ်
သရဲတစ္ဆေတို့၏
ဘဝအထွေထွေကို
ဆန်းစစ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်တော်သည် မြန်မာဗုဒ္ဓဘာသာပိဋိ၊ သရဲတစ္ဆေကို ယုံကြည်သဖြင့် သရဲတစ္ဆေနှင့် ပတ်သတ်သည့် အကြောင်း များကို စေ့ငုစွာ သုတေသနပြုခဲ့သည်။

ယခု မိမိဖော်ပြသည့် ဇာတ်လမ်းများသည် မိမိလေ့လာ သုတေသနပြုခဲ့ရသမျှထဲမှ တင်ပြသည့်သည်များကို တင်ပြ ခြင်း ဖြစ်သည်။

ယင်းသမို့ အကြောင်းအရာသည် အစုံအလင် ဖြစ်နေ လိမ့်မည်ဖြစ်သည်။

သို့သော်... ဤစာအုပ်များတွင်ပါသည့် အကြောင်း အရာများသည် တစ္ဆေသရဲ လောကဌ် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများချည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေသရဲတို့၏ သဘာဝနှင့် သရဲတစ္ဆေလောကမှ ဖြစ်စဉ်များ ဖြစ်သလို၊ တစ္ဆေဖြစ်ရခြင်း အကြောင်းအရာများ၊ တစ္ဆေရှိ၊မရှိနှင့် တစ္ဆေလောက ဖြစ်ရပ်ဆန်းများချည်းသာ ဖြစ်သည်။

သို့ကြောင့် ဤစာအုပ်ပါ အကြောင်းအရာများသည် စာဖတ်သူအား အကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းလိမ့်မည်ဟု ထင်၏။ ယုံကြည်၏။

ထို့ကြောင့်ပင် စာဖတ်သူများ ဖတ်ရှုလေ့လာနိုင်ရန် စဉ်ဆက်မပြတ် လေ့လာသုတေသနပြု ရေးသားနေခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

"ငါ့စာဖတ်၍
မမြတ်သည့်တိုင်
မရှုံးစေသား"

ဟူသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စကားကို အမြဲ တမ်း နှလုံးသွင်း၍ စာရေးပါသည်။

ကျွန်တော့်စာများသည်လည်း စာဖတ်သူအတွက်အမြတ် မထွက်နိုင်သည့်တိုင် အချိန်ကုန် လူပန်း အရှုံးမဖြစ်ဟု ယုံပါ သည်။

စင်စစ်မူ သရဲတစ္ဆေဝတ္ထုများသည် ကံ,ကံ၏အကျိုး အရ မကောင်းမှု အကုသိုလ်ပြုသူတို့ ဖြစ်ရသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ကိုရှောင်၊ ကုသိုလ်ကို ဆောင်လျှင် မကောင်းသော အပါယ်လေးဘုံဘဝဟု ဆိုရမည့် သရဲတစ္ဆေဘဝ ဖြစ်ရခြင်း ဝေးရမည်ဖြစ်၏။

ကျွန်တော်ကိုယ်တိုင်လည်း ဤရည်ရွယ်ချက်ဖြင့် ဤစာအုပ်ကို ရေးပါသည်။

သင်သည် ဤစာအုပ်ဖတ်၍ အကျိုးတစ်စုံတစ်ရာရသည် ဆိုငြားအံ့။

စာရေးသူ ရေးရကျိုးနပ်သည် ဆိုရမည်။

စာဖတ်သူများရဲ့

သုတေသီသက်ထွန်းမြင့်
၁၈၀(က)၊ ဘုရင့်ဇီလမ်း
(သုခမိန်ပ)ကျက်၊ လှိုင်သာယာမြို့နယ်
ဖုန်း ၀၉၄၅၀၅၂၁၂၅၉၀
၀၉၂၅၃၁၅၁၂၈၅
၀၉၃၁၀၈၅၆၉



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုံ့သာစံအိမ်
ဖြစ်ရပ်ဆန်း

သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



မိုးထိတောင်မှ ဆင်းလာလျှင် တောင်သမန်လယ်သို့ မရောက်တရောက် နေရာတွင် ကျယ်ဝန်းသည့် ခြံပြင်ကျယ် ရှိ၏။

ခြံဝင်းကျယ်၏သဏ္ဌာန်သည်လည်း ထူးခြားသလိုရှိ၏။ မိုးထိတောင်သာ မရှိခဲ့လျှင် လွင်ပြင်ကျယ်ဟု ဆိုလေမည် မှာ မုချပင်။

ခြံဝင်းကျယ်၌ ထိုးထိုးထောင်ထောင် ယူကလစ်နှင့် ထင်းရှူးပင်များရှိ၏။ ထူးထူးခြားခြား ဝက်သစ်ချပင်များ ရှိ၏။

ရာသီဥတုက အေးမြမြ စိုထိုင်းထိုင်း ရှိနေသည်။ နံနက် မိုးသောက်ချိန်တွင် နှင်းထုခြုံလွှာနှင့်။

ပိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



သစ်ခက်၊ သစ်ရွက်တို့၏ ရိုက်ခတ်သံသည် တရှဲရှဲနှင့် ထိုအသံက ညဆိုလျှင် မကောင်းဆိုးဝါးတစ်ကောင် တေးသီနေသလိုပင်။ ကျောထဲစိမ့်အောင် ကြောက်စရာကောင်းသည့်အသံနှင့်လည်း တူနေ၏။

ထိုထင်းရှူး၊ ယူကလစ်၊ ဝက်သစ်ချပင်တို့ ကြား၌ ခံ့ထည်သည့် အိမ်တစ်ဆောင်ရှိ၏။ ကြီးမားခံ့ထည်သည်။

(၁၉)ရာစုဦးပိုင်း ဗိသုကာလက်ရာဟု ဆိုရမည်။ လူအများ၏ စကားအရ ဤစံအိမ်ကြီးသည် မင်းဧကရာဇ် *တစ်ဦးပိုင် ဖြစ်သည်ဟု ဆို၏။*

အိမ်ကြီးက ရှည်လျားကြီးမား၏။ အဆောင်ခန်းတွေများ၏။ အိမ်ကြီးတွင် စုလစ်မွန်းချွန်နှင့် စိန်တောင်များရှိသည်။

✤



www.burmeseclassic.com

www.burmeseclassic.com



ထိုစံအိမ်၏အမည်က "ပန်းနံ့သာစံအိမ်"ဖြစ်၏။

ပန်းနံ့သာစံအိမ်ဟု အမည်မှည့်ခေါ် ပညတ်ပြုထား သကဲ့သို့ စံအိမ်၏ဘေး ပတ်ဝန်းကျင်၌ ရနံ့သင်းထုံသည့် ရောင်စုံ ပန်းပင်များရှိ၏။ ရောင်စုံပန်းချုံများရှိ၏။

အပေါ်ကကြည့်လျှင် "ပန်းနံ့သာစံအိမ်"က ခံ့ညား ထည်ဝါသကဲ့သို့ စံအိမ်တွင်းသို့ ဝင်လိုက်လျှင် သင်းပျံ့မွှေး ထုံသည့် ပန်းရနံ့တို့အား ရှူရှိုက်ခံစားရမည်ဖြစ်၏။

စိတ်နှလုံး ကြည်မွေ့ဖွယ်ရှိသည့် စံအိမ်တော်လည်း ဖြစ်၏။ ပန်းနံ့သာစံအိမ်တော်၏ အရှင်သခင်က "တောင် နဂါးမိုလ်ရာပြည့်စံဖြစ်ပြီး သခင်မက "ပန်းဒါလီ"ဖြစ်၏။

ယခုအခါ ပန်းနံ့သာစံအိမ်တော်၏ အရှင်သခင် "တောင်နဂါးရာပြည့်စံ"က မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



တောင်နဂါးဗိုလ် ရာပြည့်စံက နယ်ချဲ့ကို တွန်းလှန်ရင်း ကျဆုံးသွားခဲ့ပြီ။

ထို့ကြောင့် ယခုအခါတွင် ပန်းဒါလီသည် ယင်းစံအိမ်၌ အထီးကျန်စွာ နေခဲ့ရ၏။

စင်စစ် တောင်နဂါးဗိုလ်ရာပြည့်စံသည် ကနောင်မင်းသားကြီး၏ သွေးသောက်ရဲဘော်ဖြစ်၏။ ကနောင်မင်းသားကြီး၏ ရေမြှုပ်ဖုံးစမ်းသပ်မှု၊ ခေတ်မီတပ်မတော် တည်ထောင်ရန် အကြံအစည် စသည်တို့အား ထောက်ခံသူဖြစ်၏။

တောင်နဂါးဗိုလ်ရာပြည့်စံ၏ ချစ်ဇနီးသည် ပန်းဒါလီကလည်း ချစ်သူရာပြည့်စံနှင့် တစ်သွေးတည်း တစ်သားတည်း တစ်စိတ်တည်း ရှိသူဖြစ်၏။

"အိမ်ရှေ့စံ ကနောင်မင်းသားကြီးရဲ့ ဆန္ဒတွေ၊ လုပ်ရပ်တွေဟာ မှန်တယ်၊ မြန်မာနိုင်ငံမှာ ခေတ်မီတပ်မတော်ရှိခဲ့ရင် စမ်းသပ်အောင်မြင်တဲ့အတိုင်း ဆက်လက် ထုတ်လုပ်နိုင်ခဲ့ရင် ၁၈၈၅–ခုနှစ်မှာ သူ့ကျွန်ဖြစ်မှာ မဟုတ်ဘူး"

ဟု ပန်းဒါလီ အမြဲပြော၏။

ပန်းဒါလီက ရုပ်ရည်နုနယ်သလောက် စိတ်ဓာတ်မာကြော၏။



www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့မျက်နှာဖြူတို့အား ချစ်သူနှင့်အတူ လက်တွဲ တော်လှန်ခဲ့၏။ ချစ်သူသွေးမြေကျ သေဆုံးသည့်နေရာတွင် နောက်ဆုံးထွက်သက်ထိ နေထိုင်ရန် ဆုံးဖြတ်ခဲ့သူ။

ပန်းဒါလီသည် နယ်ချဲ့ကို ရွံမုန်းသူဖြစ်သလို မျက်နှာ ဖြူအင်္ဂလိပ်တို့အား လက်မခံသူဖြစ်၏။

ပန်းနုံ့သာစံအိမ်၌ တစ်ခါက ထူးခြားသည့် ဖြစ်စဉ် တစ်ခု ဖြစ်ခဲ့၏။

နယ်ချဲ့မျက်နှာဖြူ ဗိုလ်မှူးရစ်ချတ်သည် ပန်းနုံ့သာ စံအိပ်ရှင်၏ ခွင့်ပြုချက်မရဘဲ စံအိမ်တွင်းသို့ အချိန်မတော် ဝင်ခဲ့၏။

ဗိုလ်မှူးရစ်ချတ် တစ်ဦးတည်းမှု မဟုတ်။ သူ့နောက် လိုက် မျက်နှာဖြူစစ်သား(၃)ဦးနှင့် ဖြစ်၏။ ဗိုလ်မှူးရစ်ချတ် နှင့် စစ်သား(၃)ဦးသည် ခြံတွင်းသို့ရောက်လျှင် ထူးခြားသော အဖြစ်တစ်ခုနှင့် ကြုံခဲ့ရ၏။ ထိုအဖြစ်က အခြားမဟုတ်။

တစ်ည ဗိုလ်မှူးရစ်ချတ်နှင့် ရဲဘော်(၃)ဦး ပန်းနုံ့သာ ခြံတွင်းသို့ ကျူးဝင်လာချိန် လေပြည်သည် နွေးနွေးတိုက် ခတ်နေ၏။ လေကအေး၏။

သို့သော် ထိုအချိန်တွင် ထူးခြားသည့် အဖြစ်တစ်ခု ကြုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"ဂျိမ်း"

သစ်ကိုင်းကြီးတစ်ကိုင်း ကျိုးကျသံဖြစ်၏။ ထို့ကြောင့် သစ်ပင်အောက်သို့ ရောက်နေသည့် ဗိုလ်မှူးရစ်ချတ်နှင့် ရဲဘော်သုံးဦး၏ ခြေလှမ်းတို့ တုံ့ဆိုင်းသွား၏။

သို့သော် အသေအချာ ကြည့်လိုက်တော့ ဘယ်သစ်ကိုင်းမှ ကျိုးကျသည်မရှိ။ ထိုစဉ်...

"ဟား... ဟား... ဟား..." ရယ်သံကြားရပြန်၏။

"အိုး... ဂေါ့"

ဗိုလ်မှူးရစ်ချတ် တုန်လှုပ်နေ၏။ အသေအချာကြည့်ကြသော်လည်း ရယ်သံသာ ကြားရပြီး ရုပ်ကိုမမြင်ရ။

"သရဲ... သရဲ" ရဲဘော်တစ်ဦး၏ ပြောသံ။

ထို့နောက် ဘယ်သူမှ ခြံထဲသို့ ဆက်မဝင်ရဲတော့ပြီ။ ဗိုလ်မှူးရစ်ချတ်နဲ့ ရဲဘော်သုံးဦး ခြံထဲမှ ပြန်ထွက်ခဲ့ကြပြီ။

"ဟား... ဟား... ဟား..." ရယ်သံတို့က စိုးမိုးဆဲ။

✤



www.burmeseclassic.com

www.burmeseclassic.com



ပန်းဒါလီသည် အိပ်မောကျရာမှ နိုးထလာခဲ့၏။ ဘာကြောင့် နိုးထလာရသည်ကို သူ စဉ်းစားမရခဲ့ပေ။

သို့စေကာမူ ပန်းဒါလီ တစ်ခုတော့ သတိထားလိုက်မိသည်။ ဤကား အခြားမဟုတ်ပါ။

ပန်းနံ့သာစံအိမ်၏ အထူးခန်းတစ်ခန်းဖြစ်သည့် အပြာရောင် မေတ္တာခန်းမအတွင်းမှ စူးရဲသော တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသောကြောင့် ဖြစ်သည်။

ဘာကြောင့် ဒီအခန်းမှ ဖုန်းသံမြည်နေသနည်း။

စင်စစ် ယခုမြည်နေသော ဖုန်းသံသည် တောင်နဂါးဗိုလ် ရာပြည့်စံ အသုံးပြုသည့်ဖုန်းမှ အသံဖြစ်၏၊ ယင်းဖုန်းအား သခင်ကြီး ရာပြည့်စံမှအပ မည်သူမှ အသုံးပြုသည်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုခွင့်လည်း မရှိ။

မည်သူမျှ အသုံးပြုခွင့်မရှိသည့်ဖုန်းသည် ဘာကြောင့် အသံမြည်ရသနည်း။ ယင်းသို့ ဖုန်းမြည်လာခဲ့သဖြင့် ဖုန်းအော်ပရေတာများနှင့် ပြဿနာဖူး၏။ မည်သူမျှ အဖြေမရှာနိုင်ခဲ့။

တစ်ခါ တစ်ခါတော့ ဤဖြစ်စဉ်သည် စိတ်စွဲလမ်းမှုဖြစ်စဉ်များလားဟု စဉ်းစားမိ၏။ သူတစ်ဦးတည်း ကြားနေရသည်လားဟု စဉ်းစားမိ၏။

မဟုတ်ပေ။

တစ်ခါက ဒေါ်ဥမ္မာရီက...

"သခင်ကြီးဝိညာဉ်ဟာ ချုပ်ငြိမ်းမသွားသေးဘူး။ ဒီ စံအိမ်ကြီးမှာ သခင်ကြီး ရှိနေသေးတယ်။ သခင်ကြီးဟာ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲခေါ်သံတွေ ပေးနေဦးမှာ"

ဟု ဆိုဖူး၏။

သို့နှယ်ပင် တစ္ဆေသရဲနှင့် ပတ်သက်၍ လုံးဝယုံကြည်ခြင်းမရှိသော သရဲခြောက်တယ်ဆိုတာ ခိုတွေ၊ ကြွက်တွေ လျှောက်ပြေးသံရဲ့ နရီစည်းတွေပဲ။ တစ်ခါတစ်ရံ သစ်ရွက်ရိုက်သံကို ခြောက်သံထင်ကြတယ်။ သစ်ကိုင်းချင်း ပွတ်တိုက်သံကို တစ္ဆေသွားကြိတ်သံကို ထင်ကြတာဟု ဆိုဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေမယုံသည့် အိမ်ထိန်းကြီးဦးဇရာက...

"ကျုပ် သရဲတစ္ဆေကို မယုံကြည်ပေမယ့် ဒီစံအိမ်ကြီး အရှင်သခင်ကြီး ဦးရာပြည့်စံဟာ ဝိညာဉ်အဖြစ် ဒီစံ အိမ်ကြီးမှာ ရှိနေတာ အမှန်ပဲ။ ကျုပ်ကိုယ်တိုင် အပြာ ရောင်မေတ္တာခန်းမထဲမှာ သခင်ကြီးကို တွေ့နေတာ ဟုတ်တယ်။ သူ့ကို မလွတ်လပ်သေးသမျှ အမျှမဝေဖို့ နှိုးဆော်ခဲ့သလို လွတ်လပ်ရေးအတွက် သူ နှိုးဆော် တိုက်ပွဲဝင်နေမှာပဲ"

ဟု ဆိုခဲ့၏။

မှန်သည်။ ပန်းနုံ့သာစံအိမ်၏ ထူးခြားချက်က နယ်ချဲ့ ကို လုံးဝလက်မခံခြင်းပင်။ မျိုးချစ်တို့အား ကာကွယ်သည့် စံအိမ်လည်း ဖြစ်၏။

တစ်ခါက ပန်းနုံ့သာစံအိမ်၌ ထူးခြားသည့် ဖြစ်စဉ် များ ဖြစ်ခဲ့ဖူး၏။

မျိုးချစ်များ တော်လှန်ရေးအတွက် စည်းဝေး နေကြစဉ် မျက်နှာဖြူအင်္ဂလိပ်တို့ သိသဖြင့် စံအိမ်အားဝိုင်းကာ ဖမ်းမည် ပြုစဉ် ရယ်သံများ၊ ပစ်ခတ်သံများ ကြားရပြီး ထူးခြားစွာ သခင်ကြီးရာပြည့်စံ၏ ခန့်ညားသောအသွင်ကို မျက်နှာဖြူတို့ မျက်ဝါးထင်ထင် မြင်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မျက်နှာဖြူအရာရှိ အသိုင်းအဝိုင်းတွင် မလိုလားအပ်သည့် ငြင်းခုံမှုများ ရှိခဲ့၏။ ထိုငြင်းခုံသူက အခြားမဟုတ်။

သခင်ကြီး ရာပြည့်စံ ရှိ,မရှိဆိုသည့် ငြင်းခုံမှုပင်။ နောက်ဆုံးတွင် တောင်နဂါးဗိုလ်ရာပြည့်စံ သက်ရှိထင်ရှားမရှိတော့ကြောင်း သေဆုံးသွားသည်ကို လက်ခံကြသော်လည်း ပန်းနံ့သာစံအိမ်နှင့် တောင်နဂါးဗိုလ်ရာပြည့်စံ၏ ဝိညာဉ်သည် နိုင်ငံမလွတ်လပ်သေးသရွေ့ ထိုစံအိမ်၌ ရှိနေမည်၊ ရှိနေသည်ဟု ယုံကြည်ခဲ့ကြ၏။

ထို့ကြောင့် ပန်းနံ့သာစံအိမ်သည် ထူးခြားသော စံအိမ်အဖြစ် ထင်ရှားခဲ့သည်။ အင်္ဂလိပ်တို့ မြန်မာနိုင်ငံအား အုပ်စိုးစဉ်ကာလတစ်လျှောက် အင်္ဂလိပ်မင်းတိုင်း နားခိုရာစံအိမ်မဖြစ်ခဲ့။ ဗိုလ်တဲမဖြစ်ခဲ့။

နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်လပ်ရေးအတွက် ကွန်းခိုနန်း ဖြစ်ခဲ့၏။ အမျိုးချစ်စံအိမ်အဖြစ် ရပ်တည်ခဲ့သည် မဟုတ်လော။

စာဖတ်သူများ၏
သုတေသီသက်ထွန်းမြင့်

✣

ဗိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



# သရဲခြောက်တဲ့အိမ်

သူတောသိသက်ရွှေနှမြင့်

www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်တော် တာဝန်နှင့် မြင်သာယာသို့ ရောက်ခိုက်၊ တစ်သက် မမေ့နိုင်စရာ အဖြစ်တစ်ခုနှင့် ကြုံခဲ့ရ၏။

ထိုအဖြစ်က သာမန်အဖြစ်အပျက်တစ်ခု မဟုတ်။

ထူးခြားဆန်းကြယ်သည့် အဖြစ်တစ်ခု ဖြစ်သကဲ့သို့ ပြောမယုံ ကြုံဖူးမှသိဟု ဆိုရမည့် အဖြစ်ပင်ဖြစ်သည်။

မှန်သည်။ ထိုအဖြစ်အား အများရှေ့ ချပြောလျှင် ကျွန်တော့်အား အတော်စိတ်ကူးယဉ်သူဟု ပြောမည်လား သို့မဟုတ် အမနာပ အရှးဟု ပြောမည်လား မသိပါ။

သို့သော်... ကျွန်တော် တစ်ခုတော့ ပိုင်ပိုင်ပြောနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်တော် ပြောပြမည့် အဖြစ်သည် စိတ်ကူးယဉ် ဇာတ်လမ်းတစ်ပုဒ် မဟုတ်သလို၊ အရူးစကားလည်း မဟုတ်ပါ။ ထူးခြားဆန်းကြယ်စွာ ကြုံတွေ့ရသည့် အဖြစ်ပင်။

ထိုအဖြစ်က...

ကျွန်တော် စောစောက ပြောခဲ့သလို ကျွန်တော် မြိုင်သာယာသို့ ရောက်ခဲ့စဉ် တွေ့ကြုံရသည့် အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။

တိတိပပ ပြောရလျှင်......

တိတိပပ ပြောရလျှင်........။

✤



www.burmeseclassic.com

www.burmeseclassic.com



(၂)

တစ်ခုသော နွေရာသီ တစ်နေ့၌ ကျွန်တော်သည် မြိုင်သာယာသို့ ရောက်ခဲ့၏။ တစ်ခုရှိသည်က ကျွန်တော် မြိုင်သာယာသို့ ရောက်ခဲ့သည်မှာ အပျော်ခရီးထွက်ရင်း ရောက်ခဲ့သည် မဟုတ်ပါ။

အလုပ်တာဝန်နှင့် ရောက်ခဲ့ခြင်း ဖြစ်ပါသည်။

စင်စစ် ကျွန်တော်က ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ တစ်ခုရှိသည်က ယခု ကျွန်တော်ပြောမည့် အကြောင်းသည် အလုပ်တာဝန်နှင့်လည်း ပတ်သက်ဆက်နွှယ်ခြင်း မရှိသဖြင့် မည်သည့် အလုပ်တာဝန်နှင့် မြိုင်သာယာသို့ ရောက်ခဲ့သည် ဆိုသည့်အကြောင်းအား ဝိတ္ထာချဲ့၍ မပြောတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထားပါတော့။ ကျွန်တော် မြိုင်သာယာသို့ အလုပ်တာဝန်တစ်ခုနှင့် ရောက်ခဲ့ပါသည်။

ယင်းသို့ အလုပ်တာဝန်နှင့် မြို့တစ်မြို့သို့ ရောက်တိုင်း ကျွန်တော် နေထိုင်ရန် စီစဉ်ရပါသည်။ အခြားကြောင့်မူ မဟုတ်ပါ။

ကျွန်တော်သည် သာမန်ဝန်ထမ်းတစ်ဦး မဟုတ်သလို လူပျိုလူလွတ်လည်း မဟုတ်ပါ။

ကျွန်တော်က အိမ်ထောင်သည်တစ်ဦး ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော် တာဝန်ကျရာမြို့သို့ စသွားစဉ်က တစ်ဦးတစ်ယောက်တည်း တစ်ကိုယ်တည်းဖြစ်သော်လည်း ကျွန်တော် ထိုမြို့သို့ရောက်ပြီး မကြာခင် ကျွန်တော့်ဇနီးသည် ကျွန်တော့်နောက်သို့ လိုက်ခဲ့မြဲဖြစ်သည်။

ယင်းသမို့ ကျွန်တော် မြို့တစ်မြို့သို့ ရောက်တိုင်း ကျွန်တော် တာဝန်ကျသည့်မြို့၌ အိမ်ကောင်းကောင်းတစ်လုံးကို ရှာရပါသည်။ ငှားရမ်းရပါသည်။

ယခုလည်း ကျွန်တော် မြိုင်သာယာသို့ရောက်တော့ အိမ်တစ်လုံးကို ရှာရပေသည်။ မကွယ်တမ်း မဝှက်တမ်း ပြောရလျှင် ကျွန်တော် အလေ့သုံးဆယ် အိမ်တစ်လုံး ရှာရပါသည်။

ဒါကလည်း အကြောင်းရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းက ကျွန်တော့်မဟေသီနှင့် များစွာပတ်သက်သည်ဟု ပြောရပါမည်။

ကျွန်တော့်မဟေသီက ကျွန်တော် မြိုင်သာယာသို့ တာဝန်အရ သွားရသည်ဆိုတော့…

"မောင်… မြိုင်သာယာက အလွန်ပဲ သာယာတယ်လို့ပြောတယ်၊ ဒါကြောင့် နုလည်း အရမ်း စိတ်ဝင်စားတယ်၊ မောင် ပြောင်းပြီး တစ်လအတွင်း အဲဒီကို လိုက်ခဲ့မယ်"

ဟု အမိန့်တော်မှတ် ရာဇသံပေးလိုက်သဖြင့် ဇနီးချော အလှ၏စကား အမိကထားတတ်သည့် ယောက်ျားတို့ မမွတာ အစဉ်အလာအတိုင်း မြိုင်သာယာသို့ ရောက်သည်နှင့် အိမ်ရှာခြင်းကို အမိကထား စီစဉ်ဖြစ်ခဲ့၏။

မြိုင်သာယာတွင် အိမ်ကောင်းကောင်း ရရှိရေးအတွက် တာဝန်ယူရသူက ကိုသန်းဌေး ဖြစ်ပါသည်။

ကိုသန်းဌေးက ရုံးစေတစ်ဦးဖြစ်သည်။ မုံရွာသားဖြစ်ပြီး ရွှေသွားကလေးနှင့် ဖော်ရွေသူဖြစ်၏။

သူက မြိုင်သာယာ၌ အနေကြာသူ မြိုင်သာယာသူနှင့် အကြောင်းပါခဲ့သည့် ရွှေညာသားဖြစ်၏။

ထို့ကြောင့် မြိုင်သာယာနှင့် ကျွမ်းဝင်သူဟုလည်း ဆိုနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းဌွေးအား ကျွန်တော့်အတွက် အိမ်ရှာပေးရန် တာဝန်ပေးခဲ့သူက ရုံးအုပ်ကြီး ဦးသီလဖြစ်၏။

ရုံးအုပ်ကြီး ဦးသီလက နာမည်သာ ဦးသီလ ဖြစ်သော်လည်း သီလကို မစောင့်ထိန်းသူ၊ အရက်သမားကြီးဖြစ်၏။

"ဆရာက ဒီမြို့ကို ရောက်လာတော့ ဒီမြို့မှာ လိုလေသေးမရှိ အဆင်ပြေဖို့ ကိုသန်းဌွေး အကူအညီကို ဆရာ ယူမှဖြစ်မယ်"

ဟု ပြောပြီး၊ ကျွန်တော့်အတွက် အိမ်ရှာရန် ကိုသန်းဌွေးအား တာဝန်ပေးခဲ့၏။

ကိုသန်းဌွေးကလည်း မငြင်းပါ။

"စိတ်ချပါ ဆရာ၊ ဆရာ့အတွက် အစစအဆင်ပြေအောင် ကျွန်တော် ကူညီမှာပါ"

ဟု ပြော၏။

"ကျေးဇူးပဲ ကိုသန်းဌွေး၊ အရေးကြီးတာက အမြန်ဆုံး အိမ်တစ်လုံး ရဖို့ပဲ"

"စိတ်ချပါ ဆရာ၊ ရက်ပိုင်းအတွင်း အကွက်အကွင်းကောင်းတဲ့ နေရာမှာ အိမ်တစ်လုံး ရစေရမယ်"

"ကျေးဇူးပါပဲဗျာ၊ ကျေးဇူးပါပဲ"

✤



www.burmeseclassic.com

www.burmeseclassic.com



## (၃)

ကိုသန်းဒွေး ပြောသလို မြိုင်သာယာနှင့် ပတ်သက်၍ နှံ့စပ်သူဖြစ်ကြောင်း သိရ၏။

ကျွန်တော် မြိုင်သာယာသို့ရောက်ပြီး တစ်ပတ်အတွင်း ကျွန်တော့်အတွက် အိမ်ကောင်းကောင်းတစ်လုံး ရှာပေးနိုင်ခဲ့၏။

သို့သော်... ဤနေရာ၌ အိမ်တစ်လုံး ရရှိခဲ့ခြင်းနှင့် အိမ်အကြောင်း တစ်ပိုင်းတစ်စကို ပြောပြမှ ပြည့်စုံမည် ဖြစ်သဖြင့် ပြောပြချင်ပါသည်။

စင်စစ်မူ ယခု ကျွန်တော် ငှားလိုက်သည့် အိမ်သည် အကွက်အကွင်းကောင်းသည် မှန်သော်လည်း ကိုသန်းဒွေးမှ ထိုအိမ်ကို ပြသာပြပြီး မငှားရန် မေတ္တာရပ်ခံခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာ၊ ဒီအိမ်နေရာက အင်မတန် အကွက်အကွင်းကောင်းပြီး အိမ်ကလည်း အတော်ကို အဆင့်အတန်း မြင့်တယ်၊ ဒီအိမ်မှာ ချို့ယွင်းချက်ရှိနေလို့ ကျွန်တော်ကတော့ ငှားဖို့မတိုက်တွန်းချင်ဘူး" ဟု ပြောခဲ့၏။

"ကဲ… ခင်ဗျား မငှားစေချင်တာက ဘာကြောင့်လဲ" ကျွန်တော်က မေးလိုက်၏။ ကိုသန်းဋ္ဌေးက သက်ပြင်းကို ဟင်းခနဲချပြီး…

"ရှင်းရှင်းပြောရရင် ဒီအိမ်မှာ သရဲရှိလို့ပဲ ဆရာ" ဟု ပြော၏။

ကျွန်တော်က သဘောကျသလို တဟားဟား ရယ်လိုက်၏။

ပြီးမှ…

"ဒါဆို မတားနဲ့တော့ ကိုသန်းဋ္ဌေး၊ ဒီ အိမ်ကို ကျွန်တော်ငှားမယ်၊ ကျွန်တော်က သရဲမှယုံတာမှ မဟုတ်ဘူး၊ သရဲကို မကြောက်ဘူး၊ သရဲဆိုတာ ကြောက်စရာ မဟုတ်ဘူး၊ သနားစရာပါ၊ ကျွန်တော် ငှားမယ်" ဟု ပြောလိုက်၏။

ယင်းသို့ဖြင့် ခရေမြိုင်စံအိမ်ကို ငှားဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ခရေမြိုင်စံအိမ်"က တစ်ထပ်တိုက်ပုကလေးဖြစ်၏။ အိမ်ရှေ့တွင် ပန်းခြံငယ်ကလေးရှိ၏။

လှပသည့် ရောင်စုံပန်းပွင့်များနှင့် လှပသည့် ပန်းပင်များရှိ၏။

ကျွန်တော်သည် ခရေမြိုင်စံအိမ်ကိုငှားပြီး ရုံးမှဝန်ထမ်းတပည့်များ အကူအညီဖြင့် အိမ်ကို ဆေးကြောခဲ့၏။ အလှဆင်ခဲ့၏။

ပထမညတွင် အိမ်ဦးလှူစုံ၏။ ရုံးမှ ဝန်ထမ်းများက အိမ်အား လာရောက်ဆေးကြောပေးကြ၏။ ထိုညက အိမ်ဦးလှူများ၏။

ကျွန်တော်က အသေးစား သောက်ပွဲကလေးလည်း စီစဉ်ပေးခဲ့၏။

သည်ညက ပျော်ပျော်မြူးမြူး မူးသည့် ညတစ်ည။ ဘာပြဿနာမှလည်း မရှိခဲ့။

✤



www.burmeseclassic.com

www.burmeseclassic.com



(၄)

ခရေမြိုင်စံအိမ်၏ ပြဿနာက ဒုတိယညသို့ စခဲ့သည် ဟု ဆိုရမည်လား။

ဒုတိယညက ပထမညကကဲ့သို့ လူမများသလို စည်စည်ကားကားလည်းမရှိ။

ခြောက်ကပ်ကပ် ညပင်။

ထိုညက ခရေမြိုင်စံအိမ်၌ ကျွန်တော်နှင့် ထူးမောင်ပဲ ရှိ၏။

ထူးမောင်သည် ကိုသန်းဋ္ဌေး ညီတော်သူဖြစ်၏။

ထူးမောင်က သွက်သွက်လက်လက်ရှိ၏။ သို့သော် သူက စကားမပီသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ထူးမောင်သည် ညစာအား ည(၇)နာရီခန့်တွင် စားကြပြီး ကျွန်တော် ဧည့်ခန်း၌ တီဗီကြည့်နေခဲ့၏။

ထူးမောင်က နောက်ဖေးမီးဖိုခန်း၌ ပန်းကန်ဆေးနေ၏။

သတင်းလာချိန်...

ကျွန်တော် သတင်းနားထောင်နေစဉ်...

"အား... အမယ်လေး... ကြောက်... ကြောက်ပါပြီဗျ... အား"

ဟု အလန့်တကြား အော်သံကြားသဖြင့် ကျွန်တော် ဆတ်ခနဲ ထလိုက်၏။ ထူးမောင် တစ်ခုခု ဖြစ်ပြီဟု သိလိုက်သောကြောင့်ဖြစ်သည်။

"ထူးမောင်... ထူးမောင် ဘာဖြစ်လဲ"

ကျွန်တော် စိုးရိမ်တကြီးမေးရင်း နောက်ဖေးဆီသို့ အပြေးအလွှား သွားခဲ့၏။

တံခါးပေါက်နား၌ သူနှင့် ကျွန်တော် ဆုံရ၏။ သူ အလွန်ကြောက်နေပုံရ၏။ သူ့မျက်နှာတွင် သွေးမရှိတော့သလို ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

"ဆရာ... ကျွန်တော် ကြောက်တယ်၊ ကြောက်တယ်"

ဟု ပြောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး... မင်း ဘာကိုကြောက်တာလဲ၊ ဘာတွေ့လို့လဲ"

ဟု ကျွန်တော်က မေးလိုက်၏။ သူက မျက်လုံးပြူး မျက်ဆန်ပြူး ကျွန်တော့်ကိုကြည့်ပြီး...

"သရဲ... သရဲမ ဆရာ၊ ကျွန်တော် ပန်းကန်ဆေးနေတုန်း ကျွန်တော့်ကို ကိုယ်ထင်ပြတာ၊ ဆံပင်ဖားလျားနဲ့၊ ဒီ... ဒီအိမ်မှာ မနေရဘူးလို့ ပြောတယ်၊ ကျွန်တော် ကြောက်တယ် ဆရာ၊ ကျွန်တော် မနေရဲတော့ဘူး"

ကျွန်တော် ဘာပြောရမည်မသိ။ ညအချိန်မတော်ဖြစ်သဖြင့် သူ့ကို ပြန်မပို့နိုင်။ နှစ်သိမ့်ထားရ၏။

ထိုညကိုမူ ပင်ပန်းကြီးစွာ ဖြတ်သန်းခဲ့ရ၏။ တောက်ခေါက်သံ၊ ခြေဆောင့်နင်းသံတို့က တစ်ညလုံး ကြားနေရ၏။

ကျွန်တော်နှင့် သရဲက တွေ့ကြပြီ။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်

✤



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့်
သရဲမအိမ်ကြီးရှင်

သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



(၁)

ထူးမောင်သည် သရဲခြောက်ခံရပြီးသည်နောက် ကျွန်တော်နှင့် လာနေရန် စည်းရုံးလို့မရတော့။ ကိုသန်းဌေးကမူ ကျွန်တော်နှင့် လာနေရန် ပြော၏။

ကျွန်တော် လက်မခံနိုင်။

ကိုသန်းဌေးကမူ ကျွန်တော်သည် သူ၏အထက်အရာရှိဖြစ်သဖြင့် ကျွန်တော်နှင့် အဖော်လုပ်နေမည်ဟု ပြောသော်လည်း ကျွန်တော် လက်ခံလို့ ဘယ်လိုဖြစ်မည်နည်း။

ကိုသန်းဌေးသည် အိမ်ထောင်သည်ဖြစ်၏။ သို့ကြောင့် သူ့ဇနီးမယားကလည်း ကျွန်တော့်ကို ကျေနပ်မည်မဟုတ်။

ကျွန်တော်ကလည်း လက်မခံသင့်။



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး ကိုသန်းဌေး၊ ကျွန်တော် နေရဲပါတယ်"

ဟု ပြောပြီး တစ်ယောက်တည်း နေခဲ့၏။ အမှန်ကို ပြောရလျှင် ကျွန်တော်လည်း မကြောက်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်၏။

ဗုဒ္ဓဘာသာတွင် အပါယ်လေးဘုံဟု ရှိ၏။ အပယ်လေးဘုံ၌ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ် ဟုရှိ၏။

ထိုအပယ်လေးဘုံသားတို့သည် အကုသိုလ်တရားများသဖြင့် ယခုကဲ့သို့ ခံစားရခြင်းဖြစ်၏။ ဒုက္ခဆင်းရဲကြီးသူများဖြစ်သည်။

စင်စစ်... ယနေ့ လူအတော်များများက သရဲတစ္ဆေဟု ပြောဆိုနေကြသူများသည် အပါယ်လေးဘုံသားများဖြစ်ပြီး ပြိတ္တာနွယ်ဝင်များ ဖြစ်သည်။

သရဲတစ္ဆေတို့သည် သူတို့၏ ကံအကျိုးပေးအရ ပုံသဏ္ဌာန် အမျိုးမျိုး ရှိနေခြင်းသာဖြစ်သည်။ ကြောက်စရာ တုန်လှုပ်စရာ မြင်တွေ့ရသည်မှာ သူတို့၏ ဖြစ်၏ပေါ်နေသည့် အခြေအနေအရ တွေ့မြင်ရခြင်းသာဖြစ်၏။

သူတို့က လူတွေကြောက်လန့်အောင် ခြောက်လှန့်တတ်သူများ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် သရဲတစ္ဆေများ လူတို့အား ပူးကပ်ခြင်း၊ ကိုယ်ဟန်ပြခြင်းများသည် သူတို့ထံမှာ အကူအညီ ယူလိုသဖြင့်သာဖြစ်သည်။

ခြောက်လှန့်ခြင်း မဟုတ်ပါ။

သို့သော် ဤသို့ဖြစ်ရခြင်းကို လူတွေက ခြောက်လှန့်ခြင်း ဖြစ်သည်ဟု တွေးထင်ကြခြင်း ဖြစ်သည်။

ထူးမောင် အဖြစ်သည်လည်း ဤသို့ပင်ဖြစ်လိမ့်မည်ဟု ထင်သည်။

✤



www.burmeseclassic.com

www.burmeseclassic.com



(၂)

ညသည် အေးချမ်းနေ၏။

အပြင်၌ လရောင်တို့ ဖွေးလက်စီးကျနေ၏။ လေပြည်က ဝေ့တိုက်နေသည်။

လေအဝေ့တွင် သစ်ရွက်ရိုက်ခတ်သံကို ကြားရ၏။ သစ်ရွက်ခြင်း ရိုက်ခတ်သံများသည် တစ်ခါတစ်ရံ ကျယ်လောင်၍ တစ်ခါတစ်ရံ ညှင်းပျောင်း၏။

တစ်ချက် တစ်ချက် ညဥ့်ငှက်အော်သံ ကြားရ၏။

ကျွန်တော်သည် ခရေမြိုင်စံအိမ်၏ ရှေ့ မြက်ခင်းပြင်၌ ထိုင်နေပြီး ထလိုက်၏။

နာရီက ည(၈)နာရီကို ညွှန်ပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလည်း အေးလာသဖြင့် အိမ်တွင်းသို့ ဝင်ရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။

ကျွန်တော့်စိတ်တို့ ပျံ့လွင့်နေ၏။ ကျွန်တော့်အတွေးထဲ၌ ဤအိမ်၌ ခြောက်လှန့်နေသည့် သရဲအကြောင်းသိချင်နေ၏။ ဒီအိမ်မှာ ရှိနေသည်က ဘယ်လိုသရဲလဲ၊ သည်သရဲကို တွေ့ချင်စိတ်တို့က စိုးမိုးနေ၏။ ကျွန်တော် ကိုယ်တိုင်လည်း သည်အိမ်က သရဲကို တွေ့ချင်နေ၏။

ကျွန်တော် ဧည့်ခန်းသို့ ဝင်လိုက်စဉ် ကျွန်တော့်ခြေလှမ်းတို့က တုံ့ခနဲ ဖြစ်သွား၏။ ကျွန်တော့်ရှေ့တွင် တစ်စုံတစ်ခုကို ဖျတ်ခနဲ တွေ့လိုက်ရ၏။ အဖြူရောင်ဝတ်စုံနှင့် မိန်းကလေးတစ်ဦး။

"ဟော့... မင်း... မင်း ဘယ်သူလဲ"

ကျွန်တော် အပြေးလိုက်ခဲ့သည်။ ဧည့်ခန်းသို့ရောက်လျှင် ကျွန်တော် မျက်လုံးမျက်ဆန် ပြူးသွား၏။

အခြားကြောင့်မှု မဟုတ်။

ကျယ်ဝန်းလှသည့် ဧည့်ခန်းထဲ၌ မည်သူ့ကိုမျှ မတွေ့ရ။ စောစောက ကျွန်တော် တွေ့လိုက်သည့် ဝတ်စုံဖြူနှင့် မိန်းကလေး ဘယ်ရောက်သွားသလဲ။

ထိုစဉ် ကျွန်တော့်မျက်လုံး အကြည့်တို့ တီဗီဆီသို့ ရောက်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩမယုံနိုင်စရာ ဖြစ်သည်။ တီဗီသည် ကျွန်တော် မဖွင့်ဘဲ ပွင့်နေ၏။ တီဗီကို မည်သူဖွင့်လိုက်သနည်း။

တီဗီဖွင့်လိုက်သူမှာ သူလား။

အိမ်ကြီးရှင် သရဲမလား။

ကျွန်တော့်စိတ်တို့ တော်တော်လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ဤအိမ်ကြီး၌ရှိသည့် အိမ်ကြီးရှင် သရဲမသည် ကျွန်တော့်ကို စိန်ခေါ်ခဲ့ပြီဟု ဆိုရမည်ထင်သည်။

မနေ့က ကျွန်တော့်အဖော် ထူးမောင်ကို ခြောက်လှန့်လိုက်သလို ယခု ကျွန်တော့်ကို စတင်ခြောက်လှန့်လေပြီ။

စောစောက ကျွန်တော့်အား အရိပ်ပြလိုက်သလို၊ ယခု တီဗီကိုဖွင့်လိုက်ပြီ။ ဒါကပင် ဒီအိမ်ကြီးထဲ၌ ကျွန်တော်နှင့်အတူ သူရှိနေသည်ကို ပြောလိုက်ခြင်းဖြစ်ကြောင်း သိလိုက်၏။

ကျွန်တော် ဘာလုပ်ရမည်နည်း။

"မင်း ဘယ်သူလဲ၊ မင်း ဘာကြောင့် ငါ့ကိုခြောက်လှန့်နေတာလဲ၊ မင်း ထွက်ခဲ့ပါ၊ မင်းကို ငါ ကောင်းကောင်းမြင်ချင်တယ်"

ဟု အော်ပြောလိုက်၏။

သည်အခိုက် အသံတစ်သံက ကျွန်တော့်နားစည်ဝှင်းသို့ တိုးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေသံ။ ခြေသံဖြစ်သည်။ ခြေသံသည် တံခါးဝဆီမှ ကျွန်တော့်ဆီသို့ ဦးတည် လာသည့် ခြေသံဖြစ်သည်။

ခြေသံသည် တဖြည်းဖြည်း နီးလာလေ၏။

ကျွန်တော့်နားသို့ ရောက်လာပြီဟု သိလိုက်၏။ တဖြည်းဖြည်း နီးလာပြီ။

ကျွန်တော့်နားသို့ရောက်လျှင် ရပ်သွား၏။

"တောက်"

တောက်ခေါက်သံကျယ်ကျယ် ကြားလိုက်ရ၏။

"ဒုန်း... ဒုန်း"

ပြီးတော့ အဝေးသို့ ခြေဆောင့်ထွက်သွားသံ ကြားရသည်။ ကျွန်တော်စိတ်ထဲ၌ မကျေမနပ် ဖြစ်နေ၏။

ကျွန်တော့်စိတ်ထဲ၌ သူ့ကို တွေ့ချင်စိတ်ကို ပြင်းပြနေ၏။ သို့သော်... ဘယ်လိုတွေ့ရမည်နည်း၊ သူကဝိညာဉ်။ ကျွန်တော်က လူ။

အသွင်မတူသူ နှစ်ဦး။

ထို့နောက် မည်သည့်အသံမျှ မကြားရတော့။

မည်သည့် ထူးခြားဖြစ်စဉ်ကိုမျှ ကျွန်တော် မတွေ့ရတော့ချေ။

✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

ကျွန်တော့်စိတ်တို့ ကြည်ကြည်လင်လင်မရှိ။ စိတ်ထဲ၌ နောက်ကျိသလို ခံစားနေရ၏။

ကျွန်တော့်ကို စိတ်အနှောင့်အယှက် ပြုခဲ့သူက အိမ်ကြီးရှင် သရဲမဖြစ်သည်။

သို့သော်... အသေအချာ စဉ်းစားမိတော့ သူ့ကို ကျွန်တော် အပြစ်မဆိုရက်နိုင်ပါ။

သူ ယခုလို ဤအိမ်ကြီး၌ သရဲမအဖြစ် နေသည်မှာ အကြောင်းမဲ့မှု မဖြစ်နိုင်။

အကြောင်းတစ်ခု ရှိချိမ့်မည်။

သည်အကြောင်းသည် ဘယ်လိုအကြောင်းရှိသည်း။



www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်တော့်အား ခြောက်လှန့်နေသည်မှာ ကျွန်တော့်ထံမှ အကူအညီတစ်ခု လိုချင်လို့လား။

ကျွန်တော် တွေးရင်း သရဲမကို တွေ့ချင်လာသည်။ သို့တစေ သည်ညကမူ သရဲမကို ကျွန်တော် မတွေ့ရ။

သရဲမသည် အံ့ဩဖွယ်ကောင်းလောက်အောင် ပျောက်ချင်းမလှ ပျောက်နေခဲ့၏။

ဤသို့ဖြင့် ကျွန်တော် အိပ်ပျော်သွားခဲ့သည်ကိုလည်း သရဲမ၏ လှုပ်ရှားမှုနှင့် အသံအားလည်းကောင်း မကြားရ။ မတွေ့ခဲ့ရပေ။

သို့သော် ညသန်းခေါင်ကျော် အချိန်တွင် ကျွန်တော့်ပါးအား လေဟပ်သည်အထိ အတွေ့တစ်ခုကို ခံစားလိုက်ရ၏။

သို့ကြောင့် ကျွန်တော့်မျက်လုံးကို ဆတ်ခနဲ ဖွင့်လိုက်၏။

သည်အခါ သင်းပျံ့သည့် မွှေးရှန့်နေသည့်အဖြူ မျက်နှာသွင်ပြင်တစ်ခုကို တွေ့လိုက်ရ၏။ သို့သော် ထို မျက်နှာသည် ကျွန်တော် မျက်လုံးဖွင့်လိုက်စဉ် နောက်သို့ ရုတ်သွား၏။

ပြီးနောက် ခုတင်ခြေရင်း၌ ရပ်နေ၏။ သူ့မျက်နှာသည် တက်ကြွမှုမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ညှိုးငယ်နေ၏။

"မင်း... မင်း... ငါ့ဆီက ဘာအကူအညီ လိုလဲ ငါ မင်းကို ဘာကူညီရမလဲ"

ကျွန်တော်က မေးလိုက်သည်။ သရဲမသည် ဘာမှ မပြောပါ။ ကျွန်တော့်ကို ညှိုးငယ်စွာကြည့်ရင်း သက်ပြင်း ရှိုက်၏။

သူ့မျက်နှာ၌ မျက်ရည်စတို့ တွေ့ရ၏။

သူ့တွင် ဝမ်းနည်းကြကွဲဖွယ် အဖြစ်အပျက်တစ်ခုရှိ သည်ဟု တွေးလိုက်စဉ် သူမသည် ကျွန်တော့်မျက်စိရှေ့မှ ပျောက်သွား၏။

ထို့နောက် သူမကို မတွေ့ရတော့ချေ။ သို့သော်... ကျွန်တော်သည် သူ၏ မကျွတ်မလွတ်ဘဝအား အဆုံးသတ် အကူအညီပေးမည်ဟု ဆုံးဖြတ်လိုက်မိလေပြီ။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်

✤

ပိုးရာဇဝစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



# မဖဲဝါနှင့်
# အိမ်ကြီးရှင်သရဲမ
# ဇာတ်ကြောင်းပြန်

သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်တော်သည် "ခရေမြိုင်စံအိမ်"အာ ငှားရမ်းပြီး နောက် အိမ်ကြီးရှင်သရဲမနှင့် နဖူးတွေ့၊ ဒူးတွေ့ တွေ့ခဲ့သလို သရဲမအပေါ် စာနာစိတ်တို့ ဝင်ခဲ့မိ၏။

ကျွန်တော့်သူငယ်ချင်း စာရေးစရာ အောင်မြတ်ဦးက သရဲတစ္ဆေဝတ္ထုများ ရေးသားခဲ့သလို သရဲတစ္ဆေတို့ဘဝကို စာနာသူဖြစ်၏။ သရဲတစ္ဆေအကြောင်း သုတေသနပြုနေသူ ဖြစ်၏။ သူက...

"တကယ်တော့ သရဲတစ္ဆေဆိုတာ ပြိတ္တာနွယ်ဝင်တွေ ပဲကွ။ သူတို့က အကြောင်းကြောင်းကြောင့် မကျွတ် မလွတ်ဘဝကို ရောက်ရပြီး သရဲတစ္ဆေ ဖြစ်ရတယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် ဝိညာဉ်လောကမှာ ထူးခြားတဲ့ဖြစ်စဉ်တွေ ရှိတယ်။ သရဲတစ္ဆေဘဝဆိုတာက ကြောင့်ကြမှုတွေနဲ့ နေရတဲ့ဘဝပါ၊ သူတို့ကို လူတွေက စာနာသင့်တယ်၊ သူတို့ကို ထိုက်သင့်တဲ့ အကူအညီ ပေးသင့်တယ်" ဟု ပြောဖူး၏။

သို့ကြောင့် ကျွန်တော်ကိုယ်တိုင် သရဲတစ္ဆေအကြောင်းကို လေ့လာသောအခါ မမှားပဲ မှန်ကန်ကြောင်း တွေ့ရ၏။

ယင်းသမို့လည်း ကျွန်တော်သည် သရဲမကို စာနာနေမိ၏။ သူကိုမည်သို့မည်ပုံ ကူညီရသည်ကို စဉ်းစားနေမိ၏။

ဤသို့ စဉ်းစားခဲ့သဖြင့်လည်း အိမ်ကြီးရှင်သရဲမအား မည်သို့ကူညီနိုင်သည်ကို အဖြေရှာ စဉ်းစားမိလာ၏။

သရဲမအား ကူညီရန်အတွက် အဓိက အရေးကြီးသည်မှာ သရဲမ၏ ဘဝဇာတ်ကြောင်းကိုသိရန် ဖြစ်၏။

ကျွန်တော်က ဤမြို့အထာ မကျွမ်းသဖြင့် အိမ်ကြီးရှင် သရဲမ၏ ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းစဉ်းစားရန် ခက်ခဲသော်လည်း ကိုသန်းဌေးမှ ကူညီစုံစမ်းပေးသည့်အခါ အိမ်ကြီးရှင် သရဲမ၏ ဘဝဇာတ်ကြောင်း တစ်စိတ်တစ်ဒေသကို သိရ၏။

✣



www.burmeseclassic.com

www.burmeseclassic.com



(၂)

အိမ်ကြီးရှင်သံရဲမ၏ အမည်သည် "မရင်မေ"ဟု သိရ၏။

သူမကား မြေလတ်သူဖြစ်၏။ မရင်မေ၏ မိဘများက ရိုးသားသည့် တောင်သူများဖြစ်၏။

မရင်မေ၏ ခင်ပွန်းအမည်ကမူ "ရစ်ချပ်"ဟု သိရ၏။ မြန်မာလူမျိုး မဟုတ်ပေ။ ကပြားတစ်ဦးဖြစ်၏။

ငွေကြေးပြည့်စုံသူ ဝန်ထမ်းတစ်ဦးပင်။ မရင်မေတို့ ရွာသို့ရောက်ပြီး မရင်မေအား အရယူခဲ့သည်မှာ မှန်သော်လည်း မည်သူကမျှ ဘက်ပြိုင်ဝန့်ခြင်း မရှိခဲ့။

ရစ်ချပ် အလိုကျ လိုက်လျောရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရစ်ချပ်သည် ဝန်ထမ်းတစ်ဦးပီပီ တာဝန်ရှိရာ အရပ်သို့ ပြောင်းရွှေ့ရသဖြင့် သျှောင်နောက်ဆံထုံးပါ ဆိုသည့် မြန်မာစကားအတိုင်း မရင်မေ ရစ်ချပ်နောက် လိုက်ခဲ့ရ၏။

စင်စစ်... ရစ်ချပ်က လူပျိုလူလွတ်မဟုတ်။ နောင်မှ သားကြီးမယားကြီးရှိမှန်း သိရ၏။ သို့သော် မည်သူကမျှ ရစ်ချပ်ကို တုပြိုင်မဝံ့ကြ။

အားလုံးသည် ရစ်ချပ်လက်ခုပ်ထဲမှ ရေပမာ ရှိခဲ့၏။

မရင်မေသည် ရစ်ချပ်၏ အမြှောင်မယားအဖြစ် ဒုက္ခမျိုးစုံ ခံခဲ့ရသည်။

မြို့သာယာသို့ ရောက်တော့ မိဝေး ဖဝေး ဆွေမျိုးဝေးဖြစ်ပြီး ပို၍အနှိမ်ခံခဲ့ရ၏။ တစ်ည ရစ်ချပ် မူးလာပြီး လက်လွန်ကာ မရင်မေ့ ဦးခေါင်း ကွဲသွား၏။

မရင်မေ သေရသည်မှာ ဤရောဂါကြောင့်ဟု သိရ၏။ ရစ်ချပ်သည် မရင်မေ့အား မြန်မာ့ရိုးရာ အစဉ်အလာအတိုင်း သပိတ်သွပ်ခြင်း မပြုခဲ့ဟု သိရ၏။

ကျွန်တော့်အနေနှင့် မရင်မေဆိုသည့် အိမ်ကြီးရှင်သခင်မ မကျွတ်မလွတ်ဘဝမှ ကင်းလွတ်စေရန် ရိုးရာစဉ်လာအရ သပိတ်သွတ်ရမည်။

သေသူ သာခုခေါ်နိုင်ရန် အမျှဝေရမည်။



www.burmeseclassic.com

www.burmeseclassic.com



ပေတာဒါန ပြုပေးရမည်ဟု နားလည်မိ၏။ ယင်းသို့ ပြုသင့်သည်ကို မပြုမီ အိမ်ကြီးရှင် သရဲမသည် မရင်ခေ ဟုတ် မဟုတ် စူးစမ်းရည်ဟု တွေးမိ၏။

သည်စဉ် ကိုသန်းဒွေးက ကျွန်တော့်အား ...

"အခု ဆရာ တွေ့တွေ့နေတဲ့ သရဲမက မရင်ခေ ဟုတ်,မဟုတ်ဆိုတာကို အရင်ဆုံး စုံစမ်းရမယ်"

ဟု ပြောပြီး သချိုင်းရှင်မ မဖဲဝါ၏ အကူအညီယူရန် ပြော၏။

"ဒါက ကောင်းတဲ့ အစီအစဉ်ပါပဲ၊ ဒါပေမဲ့ ခက်တာ က ငါတို့ မဖဲဝါကို ဘယ်လိုခေါ်မလဲ"

ဟု မေးရ၏။

ကိုသန်းဒွေးက "ဒါလည်း ကျွန်တော် ကူညီမယ်"ဟု ပြောသည်။

ထို့နောက် ပုဂ္ဂိုလ်တစ်ဦးနှင့် မိတ်ဆက်ပေး၏။ ထို ပုဂ္ဂိုလ်အမည်က "ကိုသာယာ"ဖြစ်၏၊ ကိုသာယာက... "ဒါကို ကျွန်တော် ကူညီပါ့မယ်"ဟု ပြော၏။

တစ်ညသ၌ မဖဲဝါအား ခေါ်ယူရန် ကိုသာယာက စီစဉ် ၏။ မဖဲဝါအား ခေါ်ယူသည့် အစီအစဉ်သည် သိပ်ပြီးကြီး ကျယ်ကျယ် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းနှင့် ငါး ကြက် အရိုးများ ထည့်ထားသည့် ထမင်းပန်းကန်နှင့် မဖဲဝါအား ခေါ်ယူရ၏။

"သချိုင်းရှင်မ မဖဲဝါ၊ သခင်မဆီက အကူအညီလိုပါသဖြင့် ယခု ဖိတ်ခေါ်ရာ နေရာဆီသို့ အရောက်လာခဲ့ပါ အရှင်မ၊ အနူးအညွတ် မေတ္တာရပ်ခံပါတယ် အရှင်မ"

ဟု တိုင်တည်ခေါ်ယူ၏။ ယင်းသို့ ခေါ်ယူပြီး မကြာခင် ထူးခြားသော ခွေးဟောင်သံများသည် အဝေးမှ နီးရာသို့ ရောက်လာ၏။

ကျွန်တော်တို့အားလုံး ကြက်သီးမွေးညင်းများ ထသွား၏။ မကြာမီအချိန်၌ ခွေးဟောင်သံများ ပျောက်သွားခဲ့သော်လည်း တဟဲဟဲနှင့် အသံများကို ကြားနေရ၏။

ထိုစဉ် မိန်းမသံကို ကြားရ၏။

"ငါကို အကူခေါ်တာ ဘာအကြောင်းရှိလို့လဲ"

ဟု မေးသံဖြစ်၏။

ကိုသာယာက... "အရှင်မ မဖဲဝါ... အရှင်မတို့ အခုလို ပင့်ဖိတ်ခေါ်ရတာက ဒီအိမ်မှာ ရှိနေတဲ့ သရဲမအကြောင်း သိချင်လို့ပါ၊ ဒီမှာရှိနေတဲ့ သရဲမဟာ ဘယ်သူဘယ်ဝါဆိုတာ သိပါရစေ အရှင်မ"ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တ အသံတိတ်သွားပြီးမှ အသံထွက်ပေါ်လာ၏။

"ဒီမှာရှိနေတဲ့ သရဲမက မရင်မေ အမည်တွင်တဲ့သူ ပါပဲ၊ သူဟာ မျိုးမတူ တတ်ခြားသူကို ယူခဲ့လို ခုလို ဒုက္ခကြုံရတာပဲ၊ သူဟာ လူသားတွေကို ဒုက္ခပေးနေ လို့လား"

သည်တော့ ကျွန်တော်က...

"သူဟာ လူသားတွေကို ဒုက္ခပေးနေလို့ မဟုတ်ပါဘူး အရှင်မ မဖဲဝါ၊ အခု အရှင်မ မဖဲဝါတို့ ခေါ်ယူ အကူအညီ တောင်းရတာလည်း သူဟာ မရင်မေ ဟုတ်,မဟုတ် သိချင်လို့ပါ၊ သူ့အကြောင်းသိမှ သူ မကျွတ်မလွတ်ဘဝ ရုန်းထွက်နိုင်အောင် သူသာဓုခေါ် ခွင့်ရအောင် စီမံနိုင်မှာမို့ပါ"

ဟု ရှင်းပြလိုက်၏။

မဖဲဝါက...

"ဒါဟာ အင်မတန်ကောင်းတဲ့ ကိစ္စပဲ၊ သူဟာ မရင်မေ မှ မရင်မေ အစစ်ပါ၊ သူ မကျွတ်မလွတ်ဘဝက လွတ်မြောက်အောင် သူ သာဓုခေါ်ခွင့်ရအောင် ကူညီ လိုက်ပါ"

ဟု ပြောပြီး အသံပျောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ခွေးဟောင်းသံတို့ ပေါ်လာပြီး ထိုခွေးဟောင်းသံတို့ နီးရာမှ တဖြည်းဖြည်း ဝေးသွားသဖြင့် မဖဲဝါ ဒီနေရာမှ ထွက်သွားပြီဟု သိလိုက်၏။

ထို့အတူ ထူးခြားသည်က စောစောက ဖလုံထဲ၌ထည့်ထားသည့် ထမင်းနှင့် ငါးအရိုးများ နယ်ထားသည့် ထမင်းများသည် လုံးဝမရှိပြီ။

မဖဲဝါ စားသွားသလား၊ ခွေးနက်နှစ်ကောင် စားသွားသလား မသိ။

✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

နောက်တစ်နေ့နံနက်၌ ရွာဦးကျောင်းဆရာတော် အမှူးပြုသည့် သံဃာတော်တို့အား ဆွမ်းသင်္ကန်း ကပ်လှူပြီး မရင်မေအတွက် ပေတဒါန ပြုလုပ်ပေးခဲ့၏။

မြန်မာထုံးတမ်းစဉ်လာအတိုင်း မရင်မေ့ကိုပါ တရားနာပင့်ဖိတ်ခဲ့၏။ ပေတအလှူအတွက် တရားဒေသနာအား ရွာဦးကျောင်းဆရာတော်မှ ချီးမြှင့်ခဲ့၏။

ဆရာတော်ကိုယ်တိုင် မကျွတ် မလွတ်သည့် မရင်မေအား အမျှပေးဝေခဲ့၏။ ထို့နောက် ကျွန်တော်က...

"မရင်မေရေ... မကျွတ်မလွတ်တဲ့ ဆင်းရဲဒုက္ခခံစားနေရတဲ့ ခင်ဗျားအတွက် ကျွန်တော် ဆွမ်း၊ သင်္ကန်းတို့နဲ့ ပေတဒါန ပြုပေးပါပြီ ခင်ဗျ။ သာဓုခေါ်ပိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



အမှျပေးဝေပါတယ်၊ မရင်မေရေ... ကျွန်တော် ပြုသမျှ ဒါနအစုစုအတွက် အမှျပေးဝေပါတယ် သာခုခေါ်နိုင်ပါစေ... အမှျ... အမှျ... အမှျ... ယူပါ မရင်မေ”

ဟု ဆိုပြီး အမှျပေးဝေခဲ့၏။ မရင်မေ သာခုခေါ်နိုင်မည်ကိုလည်း ယုံကြည်နေမိ၏။

ကျွန်တော့် ယုံကြည်မှုသည် မမှားခဲ့ပါ။ ထိုညက ကျွန်တော် အိပ်မက်လိုလို တကယ်လိုလို အဖြစ်တစ်ခု ကြုံခဲ့ရ၏။

ကျွန်တော်သည် နှစ်ခါသုံးခါ တွေ့ခဲ့သည့် မရင်မေကို ပြန်တွေ့ရ၏။ တစ်ခုထူးခြားသည်က မရင်မေသည် အရင်လို ညှိုးငယ်မနေပါ။ ရွှင်လန်းတက်ကြွနေ၏။ အပြုံးပွင့်တွေနှင့် သင်းပျံ့သော မွှေးရနံ့ကို ခံစားရ၏။

သူမက...

“သိပ်ကို ကျေးဇူးတင်ပါတယ်ရှင်၊ ရှင့်ကြောင့် ကျွန်မ မကျွတ်မလွတ်တဲ့ဘဝက ကင်းလွတ်ခဲ့ပါပြီ။ ခုဆို ကျွန်မ ရှင့်ကြောင့် လွတ်လပ်ပျော်ရွှင်တဲ့ဘဝ ရခဲ့ပါပြီ၊ ကျေးဇူးပါပဲရှင်”

ဟု ပြောပြီး ပျောက်ကွယ်သွားခဲ့၏။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်

✤

ဗိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



# မကောင်းဆိုးဝါးမျက်နှာ

သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်တော် မဲဇာသို့ ရောက်ခဲ့ဖူးသလို ထူးခြားသည့် ဖြစ်စဉ်တစ်ခုကိုလည်း ကြားခဲ့ဖူး၏။ ထိုအကြောင်းက အခြားမှု မဟုတ်ပါ။

မိန်းမတစ်ဦး၏ ထူးခြားဖြစ်စဉ်တစ်ခု ဖြစ်ခဲ့ပါသည်။ ထိုမိန်းမအမည်က "မနန်းထု"ဖြစ်ပါသည်။ မနန်းထုသည် တိုင်းရင်းသူတစ်ဦး ဖြစ်ပါသည်။

မနန်းထုသည် လွန်စွာရိုးသားသူတစ်ဦး ဖြစ်သည်။

မနန်းထု နေသည့်ရွာသည် တောင်ကုန်းတစ်ခုအနီး လွင်ပြင်တွင်ရှိ၏။

ထိုရွာက ရွာကြီးရွာကောင်းမှု မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရွာပုန်းတစ်ရွာ ဖြစ်ပါသည်။

ရွာအနီး၌ တောင်ရှိ၏။ သစ်တောများရှိ၏။ တောစိမ်းစိမ်း၊ တောင်ညိုညိုနှင့် ရွာတည်ထားသော လွင်ပြင်က ပဏ္ဏာတင့်နေပါသည်။

တစ်နေ့သ၌ မနန်းထုသည် ညနေစာ ချက်ပြုတ်ရန်အတွက် မီးဖိုချောင်သို့ ဝင်ခဲ့၏။ မီးဖိုချောင်တွင်း၌ ချက်ပြုတ်ရန် မီးမွှေးစဉ် ထူးခြားသော ရုပ်သွင်တစ်ခုကို မြင်လိုက်ရ၏။

"အို... မျက်နှာတစ်ခုပါလား"

မှန်သည်။ မျက်နှာတစ်ခုပင်။ မျက်နှာက ဥရောပရုပ်ပေါက်နေသည့်ရုပ်ပင်။ မနန်းထုသည် ထိုအရုပ်အား စတွေ့စဉ်က ထိုအရုပ်သည် ကလေးငယ်တစ်ဦးဦးက လာရောက်ရေးဆွဲထားသည့် အရုပ်ဟု ထင်ခဲ့သည်။

သို့ကြောင့် မနန်းထုသည် မီးဖိုချောင်ကြမ်းပြင်၌ပေါ်နေသည့် အရုပ်အား ဖျက်ရန်ကြိုးစားခဲ့သည်။

ခက်သည်က ထိုအရုပ်အားဖျက်မှ ပို၍ တုန်လှုပ်ချောက်ချားရ၏။

ဟုတ်သည်။

ကြမ်းပြင်၌ ထင်နေသည့် အရုပ်က ပျက်မသွားခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပျက်မသွားရုံမက ပေါ်လာသည့် အရုပ်ကိုဖျက်မှ နောက်ထပ် အရုပ်ပေါင်းများစွာ ပေါ်လာခဲ့၏။

ဘာကြောင့် ထိုအရုပ်တွေ ပေါ်ခဲ့သနည်း။

ဘာကြောင့် အရုပ်တွေ အများကြီး ဖြစ်ခဲ့သနည်း။ ထိုအရုပ်များက မကောင်းဆိုးဝါး အရုပ်များ၊ မကောင်းဆိုးဝါး မျက်နှာများလား။

မနန်းထုသည် နားမလည်နိုင်အောင် ဖြစ်ခဲ့ရုံမက ကြောက်လည်း ကြောက်လာခဲ့၏။

ထို့ကြောင့် မနန်းထု ထိုင်ရာမှထပြီး အိမ်ပေါ်မှ အပြေး ဆင်းခဲ့၏။

ပြီးနောက် ရွာလူကြီးထံသို့ အပြေးသွားခဲ့၏။

✣



www.burmeseclassic.com

www.burmeseclassic.com



(၂)

ရွာထဲ၌ ကြီးမားသည့် အိမ်ကြီးတစ်လုံးရှိ၏။ ထိုအိမ်က သူကြီး ဦးစင်း၏ အိမ်ဖြစ်၏။

သူကြီးဦးစင်းသည် အိမ်ရှေ့ကွပ်ပျစ်၌ထိုင်ကာ ရေနွေးသောက်နေ၏။

သူကြီးဦးစင်းက ရေနွေးကြမ်းသောက်လိုက်၊ ဆေးလိပ်ဖွာလိုက်နှင့်။

"သူကြီး... သူကြီး"

ဟု အော်ခေါ်သံ ကြားလိုက်သဖြင့် ဆေးလိပ်အဖွာ၊ ရေနွေးသောက်ရပ်ကာ အသံလာရာဆီသို့ ဆတ်ခနဲ ကြည့်လိုက်၏။ /



www.burmeseclassic.com

www.burmeseclassic.com



သူကြီးအိမ်ဝိုင်းအတွင်းသို့ အပြေးဝင်လာသည့် သူတစ်ဦးကို တွေ့လိုက်ရ၏။ ထိုသူသည် ယောက်ျားတစ်ဦးမဟုတ်။ မိန်းမတစ်ဦး။

တိတိပပ ဆိုရလျှင် မနန်းထုဟု သိလိုက်၏။

မနန်းထု ဘာဖြစ်လာသနည်း။ ဘာအကြောင်းထူးသလဲဟု သိချင်နေ၏။

ထို့ကြောင့် ရုတ်ခနဲ ထလိုက်၏။

"သူကြီး… သူကြီး"

ဟု ခေါ်ပြီး ပြေးလာ၏။

သူကြီးဦးစင်းက ထိုင်ရာမှ ထပြီး မနန်းထုကို ကြိုသည်။

"ဘာဖြစ်လဲ နန်းထု၊ ဘာကိစ္စ အရေးကြီးနေလို့ ရေးကြီးသုတ်ပျာနဲ့ ပြေးလာတာလဲ"

ဟု မေး၏။

"မဟုတ်ဘူး သူကြီး၊ ကျွန်မရဲ့ မီးဖိုခန်းထဲမှာ ထူးဆန်းတဲ့ မျက်နှာရိပ်တွေ ပေါ်လာလို့ သူကြီးကို လာပြောတာ"

"ဟုတ်လား… နင့်သားသမီးတွေ ရေးဆွဲထားတာ ဖြစ်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး သူကြီး၊ ကျွန်မ ကိုယ်တိုင် တွေ့ခဲ့သလို တွေ့တဲ့အရုပ်တွေကိုဖျက်ရင်း အရုပ်တွေက ပိုများလာတယ်"

ဟုရှင်းပြ၏။ ပြီးနောက် မနန်းထုက...

"ဟုတ်တယ်၊ ကျွန်မပြောတာ ဟုတ်မဟုတ် သူကြီး ကိုယ်တိုင် လိုက်ကြည့်ပါ၊ လိုက်ကြည့်ရင် အဖြေရှင်းသွားမှာပါ"

ဟု ပြော၏။

"ကောင်းပြီ၊ ငါ လိုက်ကြည့်မယ်"

ထို့နောက် သူကြီးဦးစင်းသည် သူ့တပည့် သိရိစံကို ခေါ်ကာ မနန်းထုအိမ်သို့ လိုက်ခဲ့၏။

မနန်းထု အိမ်သို့ရောက်လျှင် သူကြီးဦးစင်း ကိုယ်တိုင် အတော်ကလေး အံ့ဩသွား၏။ သူကြီးကိုယ်တိုင် စမ်းသပ်ကြည့်သောအခါ ပို၍ထူးခြားကြောင်း တွေ့ရ၏။

"ဟုတ်တယ်၊ ဒီပေါ်လာတဲ့ အရုပ်တွေဟာ ထူးခြားနေတယ်၊ သာမန်မဖြစ်နိုင်ဘူး"

ဟု ပြော၏။

"ဘာကြောင့် သာမန်မဟုတ်ဘူးလို့ ပြောတာလဲ"

တစ်ဦးက မေးသည်။ သူကြီးဦးစင်းက...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ... မကောင်းဆိုးဝါးတွေရဲ့ ပုံဖော်ခြင်း ဖြစ်နိုင်တယ်၊ ပြောရရင် ဒီနေရာဟာ ထူးခြားတဲ့နေရာ တစ်နေရာ ဖြစ်နိုင်တယ်"

ဟု ရှင်းပြသည်။

"ဒါဆို ကျွန်တော်တို့ စူးစမ်းကြည့်သင့်တယ်"

"ဟုတ်တယ်... ဒီအရုပ်တွေ ပေါ်လာရခြင်းဟာ အကြောင်းဆက် တစ်ခုရဲ့ အကျိုးဆက်လို့ ထင်တယ်၊ ဒါကို အမှန်သိနိုင်ဖို့ တူးဖော်ကြည့်သင့်တယ်လို့ ထင်တယ်"

ဟု အကြံပြု၏။ မနန်းထုကလည်း သဘောတူ၏။ ဆို့ကြောင့် ထိုနေရာအား တူးဖော်ကြည့်ရန် သူကြီးဦးစင်းက စီစဉ်၏။

ရွာသူ ရွာသားများကလည်း ကူညီ၏။

✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

မကြောင်းဆိုးဝါးအရုပ် မျက်နှာများပေါ်သည့် နေရာ
အား တူးဖော်ကြည့်ရာ ထူးခြားသည့် အရိုးစုများကို တွေ့
ရ၏။

အရိုးစုသည် တစ်ခုတည်းမဟုတ်။ အများကြီး ဖြစ်နေ
သည်ကို တွေ့ရ၏။ ထို့ကြောင့် သူကြီးဦးစင်းက...

"ဒီနေရာမှာ အရိုးစုတွေ အများကြီး တွေ့ရတဲ့အတွက်
စဉ်းစားစရာ ဖြစ်နေတယ်၊ ဒီနေရာဟာ သင်္ချိုင်းတစ်ခု
လား၊ ဒါမှမဟုတ် ဒီနေရာမှာ လူတွေ အစုလိုက်
အပြုံလိုက် အသတ်ခံခဲ့ရလား၊ စဉ်းစားစရာပဲ"
ဟု ရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ သူကြီးဦးစင်းက...

"ဒီအရုပ်တွေ ပေါ်လာခြင်း၊ အရိုးစုများစွာ တွေ့ရခြင်းနှင့် ပတ်သက်လို့ ဆက်စပ်ကြည့်ရင် ဒီအရုပ်တွေဟာ မကောင်းဆိုးဝါးတွေရဲ့ ပုံဖော်မှု၊ မကောင်းဆိုးဝါး မျက်နှာတွေ ဖြစ်တယ်လို့ ဆိုရမယ်"

ဟု မှတ်ချက်ချသည်။

သူကြီးဦးစင်းက မှတ်ချက်ချသလို၊ အားလုံးကလည်း သည်မျက်နှာများသည် မကောင်းဆိုးဝါးမျက်နှာများ ဖြစ်သည် ဟု ဆုံးဖြတ်ခဲ့ကြ၏။

✤



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စအား သူကြီးဦးစင်း ကိုယ်တိုင် စူးစမ်းလေ့လာသည့်အခါ အဖြေတစ်ခုကို ရခဲ့၏။

ထိုအဖြေကား အခြားမဟုတ်။

ယင်းနေရာတွင် လွန်ခဲ့သည့် နှစ်ပေါင်းစွာက ရွာတစ်ရွာရှိခဲ့ဖူး၏။ ထိုရွာတွင် ကပ်ရောဂါတစ်ခု ဖြစ်ပွားပြီး ရွာလုံးကျွတ် သေဆုံးခဲ့သည်ဟု သိရ၏။ ယင်းကြောင့် ထိုရွာသူရွာသားများသည် မကျွတ်မလွတ်ဘဝ ရောက်ခဲ့၏။

သူတို့အတွက် အမျှပေးဝေနရန် ဒါနပြုပေးရန် လိုသည်ဟု ဦးစင်းက ဆုံးဖြတ်ပြီး ရွာသူရွာသားများ စုပေါင်းကာ တေဒါန ပြုခဲ့သည်ဟု သိရလေသည်။

စာဖတ်သူများနဲ့
သုတေသီသက်ထွန်းမြင့်

✤



www.burmeseclassic.com

www.burmeseclassic.com



တာမလွှန်ရေဆန်

သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



သင်သည် ထူးခြားသည့် အဖြစ်အပျက် တစ်ခုအား နမူးတွေ့ ဒူးတွေ့ တွေ့ရမည်ဆိုပါက သင် မည်သို့ ခံစားရမည်နည်း။

အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းများဖွာကို ကြုံတွေ့ခံစားရမည်။

ဤအခါ ...

သင်သည် ... ...။



www.burmeseclassic.com

www.burmeseclassic.com



# (၁)မိုးသည်းညမှသည်

"ဝုန်း"

"ဝုန်း"

"ဂျုံး"

"ဒိုင်း"

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည်။ မိုးရွာနေပုံလည်း ကြောက်စရာ။ တကယ့်ကို ရေပါသည့် မိုးပါလေ။ ရေပြည့်အိုးကို သွန်ချနေသလို ဖြစ်သည်။

လေကလည်း ကြမ်းပါ့။

"ဝေါ..."

လေသံတွေက ဆူညံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ တစ်ခါ လေတိုးသံက မြွေလေချွန်သံနှင့် တူသည်။ လေတိုးတိုက်မှုနှင့်အတူ သစ်ပင်တွေက ဘယ်ညာ ယိမ်းထိုးနေသည်။ သစ်ပင်တွေ ယိမ်းထိုးလှုပ်ရှားနေပုံက အမူးလွန် အရက်သမားနှင့် တူသည်။

သစ်ရွက်ရိုက်ခတ်သံတွေက တရှဲရှဲနှင့်။

ပြီးတော့ မိုးထစ်ချုန်းသံတွေက ဆူညံလျက်၊ တစ်ချက် တစ်ချက် လျှပ်တွေ ဝင်းခနဲ လက်ခနဲ ပြိုးပြက်နေသည်။ လျှပ်ပြက်လိုက်သည့် ပတ်ဝန်းကျင်တစ်ခုလုံး ဝင်းလက်သွားသည်။

မီးမောင်းတစ်ခု ထိုးလိုက်သလိုပဲ။

ထိုစဉ် ဒိုင်းခနဲ မိုးကြိုးပစ်လိုက်သံကြားသည်။ အလင်းရောင်တစ်ခု ဖြတ်ပြေးသွားပုံက ကြောက်စရာပင်။

မိုးသည်းည ...။

ကြောက်မက်ဖွယ်ည ...။

ဤသို့ ကြောက်မက်ဖွယ် မိုးသည်းညတွင် ထူးခြားလှစွာ မိန်းကလေးတစ်ဦးကို တွေ့လိုက်ရသည်။ မိန်းမလှလေး တစ်ဦးပင် ဖြစ်၏။

သူ့အသက် (၃၀)ကျော်လောက်ရှိမည်။ တစ်ကိုယ်လုံး ရွှဲနစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားသွယ်နွဲ့သည့် မဟူရာ ဆံကေသာကလည်း ရွှဲလို့။ လုံချည်တွေ အကျီတွေက ရေတွေ ရွှဲနစ်နေသဖြင့် အဖုအထစ် အလုံးအကြွတွေ အထင်းသား ပေါ်နေ၏။

သူမက ရင်ဖွံ့သလို တင်ခွင်ကားသူ ဖွံ့ဖြိုးလှပသူ ကလေးရယ်ပါ။

ကြောက်စိတ်အအေးဒဏ်ကြောင့် သူမမျက်နှာကလေး ဖြူရော်ရော်နှင့် ကျောက်သားပြင်လို ဖြစ်နေ၏။

သူမက ပတ်ဝန်းကျင်ကို ကျီးကြည့် ကြောင်ကြည့် ကြည့်လျှက် ပြေးနေဆဲ။

"ဝုန်း"

"ဒိုင်း"

မိုးထစ်ချုန်းသံတွေ မိုးကြိုးပစ်သံတွေ ကြားရပြန်၏။

သူမသည် ပြေးလာရင်းမှ ရပ်လိုက်၏။

ဝင်းလက် ပြိုးပြက်သည့် လျှပ်ရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားလျှင် သူ့ပတ်ဝန်းကျင်ကို အလျင်အမြန် ကြည့်လိုက်သည်။

ထိုအခါ လျှပ်ရောင်ကြောင့် သူမ မြင်ကွင်းတစ်ခုကို ဖျတ်ခနဲ တွေ့လိုက်၏။ ထိုမြင်ကွင်းက အခြားမဟုတ်။ စုလစ်မွန်ချွန်များနှင့် အိုဟောင်းသည့် အိမ်ကြီးတစ်လုံး။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဝမ်းသာသွားသည်။

သူမ ညို့မှုပစ်လွှတ်လိုက်သည့် မြားတစ်စင်းလို အိမ်ကြီးဆီသို့ တစ်ဟုန်ထိုး ပြေးပြီ။

✤



www.burmeseclassic.com

www.burmeseclassic.com



အိမ်က တကယ့်ကို အိမ်အိုဟောင်းကြီးပင်။

ရတနာ့ခေတ်ပုံစံ အိမ်ကြီးပင်။ အိမ်ကြီးက အိမ်နှင့် မတူ။ စံနန်းဆောင်တစ်ခုနှင့် တူနေသည်။ အိမ်ကြီးတွင် စိန်တောင်များ၊ စုလစ်မွန်ချွန်များ ရှိနေသည်။

သို့သော် တချို့စိန်တောင်များ စုလစ်မွန်ချွန်များက ပျက်စီးနေသည်။ တချို့က တို့လို့တွဲလောင်းနှင့်...

သူမ စံအိမ်ကြီးနားသို့ ရောက်နေပြီ။

တီတီပပ ပြောရရင် ခြံဝသို့ ရောက်နေပြီး ခြံတံခါး ပွင့်နေ၏။

ခြံကလည်း အကျယ်ကြီးပင်။

ခြံထဲမှာ ပန်းခင်းတွေရှိသည်။ သို့သော် ပျက်စီးနေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချမ်းလိုက်တာ"

သူမ အိမ်ဝတွင်ရပ်လျက် ဟိုသည်ကြည့်၏။ ချမ်းလွန်းသဖြင့် လက်ကို ယှက်ပိုက်ထား၏။ ခိုက်ခိုက်တန်အောင် ချမ်းနေ၏။

"မဖြစ်ဘူး... ငါ အိမ်ထဲဝင် မိုးခိုမှ ဖြစ်မယ်"

သူမ ဆုံးဖြတ်လိုက်သည်။ ပြီးတော့ ခြံထဲသို့ ပြေးဝင်ခဲ့သည်။ လမ်းကလေးတစ်လျှောက် လမ်းဖြစ်၏။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် ပန်းရိုင်းတို့ ပွင့်နေ၏။ ပန်းတွေက အနီအဝါစုံသည်။ သူမ အလှအပကို မခံစားနိုင်။

အိမ်ထဲရောက်လိုစိတ်သာ ရှိသည်။

မိုးခိုချင်ပြီ။

အိမ်ဝသို့ရောက်လျှင် သူ ပျော်သွားသည်။ အိမ်တံခါးပိတ်ထားသော်လည်း သူမ တံခါးကို တွန်းလိုက်လျှင် တံခါးပွင့်သွားသည်။

"ကျွီ..."

"အမယ်လေး"

ပတ္တာ ပွတ်တိုက်သံက တိတ်ဆိတ်ညတွင် ကျယ်လောင်စွာ ပေါ်ထွက်လာသဖြင့် သူမ လန့်သွားသည်။ ခိုအောင်ကို မနည်းထိန်းလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမှိတ်ပြီး အသက်မနည်းရှူလိုက်ရ၏။

သူမ အိမ်ထဲဝင်ခဲ့သည်။

အိမ်ထဲ၌ လူရိပ်လူယောင် မမြင်ရ။ သူမ လျှောက်လာသည်။ အိမ်ကြီးက ကျယ်ဝန်းလှ၏။ အခေါင်အခန်းတွေလည်း များပါ့။

သူမ အိမ်ကို အရှေ့ဖောက်လမ်းအတိုင်း လျှောက်လာသည်။ အခန်းများစွာကို ဖြတ်ကျော်ခဲ့၏။ အခန်းများသည် ပိတ်လျက်။ ထို့ကြောင့် အခန်းထဲတွင် လူရှိမရှိ သူ မသိနိုင်။

"အိမ်က အကြီးကြီး လူရိပ်လူယောင် မမြင်ပါလား၊ ဒီအိမ်မှာ အရှင်သခင် မရှိဘူးလား"

သူ တွေးလိုက်သည်။

ထိုစဉ် သူမ၏နားစည်တွင်းသို့ အသံတစ်သံ ကျူးဝင်လာသည်။ ထိုအသံကြောင့် သူမ၏ လှမ်းလက်စ ခြေလှမ်းများသည် တုံ့ဆိုင်းသွားသည်။ သူမ ကြားလိုက်ရသည့်အသံက အခြားမဟုတ် ညည်းညူသံ။

✤



www.burmeseclassic.com

www.burmeseclassic.com



# (၂) တွေ့ဆုံခြင်းမှသည်

သူမ ရုပ်လျက်...

ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်သည်။

"အသံက ညည်းသံပဲ၊ အသံက မဝေးဘူး၊ ဘယ်အခန်းကဆိုတာ ငါ စူးစမ်းရမယ်"

သူ တစ်ကိုယ်တည်း တွေးလိုက်၏။

ညည်းညူသံက ဘယ်အခန်းက လာသည်ကို စူးစမ်းလိုက်။

"ညည်းညူသံက ညာဘက်အခန်းကပဲ"

သူမ ရေရွတ်လိုက်သည်။

ထို့နောက် ညာဘက်အခန်းသို့ ကပ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ရောက်နေရာနှင့် ညည်းညူသံ ပေါ်ထွက်လာသည့် အခန်းက မဝေးလှ။ ခြေလှမ်း ငါးလှမ်းခန့် လျှောက်လိုက်သည်နှင့် အခန်းနားသို့ ရောက်၏။

အခန်းဝတွင် ရပ်လိုက်၏။

အခန်းတံခါး ပိတ်ထား၏။ သူမ အခန်းတံခါးကို အသာတွန်းဖွင့်လိုက်၏။ အားမစိုက်ရ အခန်းတံခါးပွင့်သွား၏။

အခန်းထဲ၌ အလင်းရောင် အားနည်းလှ၏။ အခန်းထဲ၌ နှစ်ဆယ်အား မီးတိုင် မီးလုံး တစ်လုံးသာရှိ၏၊ အခန်းထောင့်စွန်းတွင် ခုတင်တစ်လုံးရှိ၏။ ခုတင်ပေါ်၌ မိန်းကလေးတစ်ဦး အိပ်နေသည်လား။

အခန်းဝဘက်ကို ကျောပေးထား၏။ စောင်ခြုံထား၏။ ညည်းညူသံကို ကြားနေရဆဲ။

သူ မိန်းကလေးနားသို့ ဖြည်းညင်းစွာ လျှောက်သွားသည်။ မိန်းကလေးသည် သူ့ကိုမကြည့်။ ညည်းညူနေဆဲ။

အပြင်မှာ မိုးမတိတ်သေး။

အပြင်မှာ မိုးရွာ လေတိုက်ပြီး လျှပ်တွေဖြိုးဖျက်နေကြောင်း မှန်တံခါးမှ အတိုင်းသား မြင်ရသည်။

သို့နှင့် သူ ခုတင်နားသို့ ရောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး"

သူမ ခေါ်လိုက်၏။

"ဟင်"

ညည်းညူသံနှင့် လှည့်လာသည်။

"အို……"

ဤအခါ သူ စိုးထိတ်သွား၏။ မိန်းကလေးက မိန်းမချောလေးပင်။ ထို့အတူ မိန်းကလေးသည် ကိုယ်ဝန်အရင့်အမာရှိပြီး မွေးခါနီးဟု သိလိုက်သည်။

"မင်း… မင်း…"

"ဟုတ်တယ်၊ ကျွန်မ ဗိုက်နာနေတယ်၊ မွေးတော့မယ်ထင်တယ်"

"ဒါဆို မမ ဘာကူညီရမလဲ၊ မင်း သတိထားနော်"

"ညှစ်လိုက်ချင်တယ်၊ မမလက်ကို ကိုင်ထားပါရစေနော်"

"ကိုင်ထား ညီမ၊ မင်း ဘာမှ အားမငယ်နဲ့"

သူက လက်ကမ်းလိုက်တော့ သူ၏လက်ကို ဆုပ်ကိုင်လိုက်၏။ သူမ မိန်းကလေးမျက်နှာကို စိုက်ကြည့်နေ၏။ ရင်ထဲ၌ စိုးရိမ်မှုတွေလည်း အပြည့်ပင်။ ဒီလိုမွေးခါနီးမှာ ဘာကြောင့် အနားမှာ မရှိကြတာလဲ၊ သူမ ခင်ပွန်းကကော



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ၊ ဒီမိန်းကလေးက ကိုယ့်မိုက်မဲမှုအတွက် ကိုယ်တိုင်သင်ပုန်းချေနေတာလား။ သူ တွေးနေစဉ် မိန်းကလေးက သူ့လက်ကို ဆုပ်ကိုင်ရင်း ညှစ်လိုက်ကြောင်း သိသည်။ ထို့အတူ "ဝါးခနဲ" ကလေးငိုသံ ကြားရသည်။

"ဟုတ်တယ်... ကလေးမွေးပြီ"

"ဘာမှ အားမငယ်နဲ့ မိန်းကလေး၊ မင်း မွေးနိုင်ပြီ၊ ယောကျ်ားလေးလား မိန်းကလေးလား ကြည့်ရအောင်"

"မမ... မမ..."

သူမကို ခေါ်လိုက်ကြောင်း သိသည်။

"မင်း ဘာပြောမလို့လဲ၊ ဘာမှ မပြောနဲ့လေ၊ မင်းနားနေလိုက်၊ ဒီအချိန်မှာ အနားယူလိုက်တာ အကောင်းဆုံးပဲ၊ မမ ကလေးကို ကြည့်လိုက်ဦးမယ်"

သူမက ပြောရင်း ကလေးကိုကြည့်ရန် လှုပ်ရှားလိုက်၏။ သို့သော် သူ သွားလို့မရ။ သူ့လက်ကို ဆွဲထားကြောင်း သိသည်။ သူ လှည့်ကြည့်လိုက်၏။ မိန်းကလေး သူမအား ညှိုးငယ်စွာ ကြည့်နေရာမှ မျက်လုံးမှိတ်သွားသလို လက်ကလေး ပြုတ်သွားသည်။

"မိန်းကလေး.... မိန်းကလေး"

သူမ ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး မထူးနိုင်တော့။ မိန်းကလေး သေပြီလေး

"မိန်းကလေး..."

"မိန်းကလေး..."

✤



www.burmeseclassic.com

www.burmeseclassic.com



## (၃) ချောက်အိပ်မက်မှသည်

"မိန်းကလေး... မိန်းကလေး"

သူမ ခေါ်သည်။

သူမ စိတ်တွေ မျောလွင့်နေသလိုပဲ။ ထိုစဉ် သူ့ပခုံးကို ဆုပ်ကိုင်လိုက်ကြောင်း သိလိုက်သည်။ လန့်သွား၏။

ထိတ်လန့်တကြား ခံလိုက်ရပြီး မျက်လုံးကို ဆတ်ခနဲ ဖွင့်လိုက်၏။ ထို့ကြောင့် သူ့အား စိုးရိမ်ကြည့်နေသည့် မောင့်ကို တွေ့လိုက်ရ၏။

"ခက်... ဘာဖြစ်နေလဲ"

မောင်က မေးသည်။

"မောင်ရယ်... ခက် ကြောက်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မောင့်ရင်ခွင်သို့ ခိုဝင်ပြီး ခက်ခက်က ပြောလိုက်သည်။ မောင်က ခက်ခက်ကို ကြင်နာစွာကြည့်ရင်း…

"ခက် အိပ်မက် မက်နေပြန်ပြီလား"

ဟု မေးသည်။

"ဟုတ်တယ် မောင်၊ ခက် အိပ်မက် မက်နေတယ်။ အိပ်မက်က ထိတ်လန့်စရာကြီးပါ"

ဟု ပြောရင်း သူမ အိပ်မက်အကြောင်းကို ပြောပြသည်။ မောင်က ပြုံးနားထောင်နေ၏။ စကားဆုံးလျှင်…

"ဒါ ဘာဖြစ်လဲ ခက်ရယ်၊ အိပ်မက်ဟာ အိပ်မက်ပဲပေါ့၊ အိပ်မက်ဟာ တကယ် မဟုတ်ဘူးလေ"

ဟု ပြော၏။

"ဒါပေမဲ့ ခက် ကြောက်နေတယ်"

"ဘာဖြစ်လို့လဲ ခက်"

"ဒီအိပ်မက်ဟာ နိမိတ်တစ်ခု ဖြစ်နေမှာကိုလေ"

မောင်က သက်ပြင်းချပြီး…

"ဥပဒါန်ကြောင့် ဥပါဒ်ရောက်တတ်တယ်တဲ့ ခက်။ မောင့်ဆန္ဒကတော့ အရာရာကို မေ့လိုက်စေချင်တယ်။ အစွဲအလမ်းဟာ လူကို ဒုက္ခပေးတတ်တယ် ဆိုတာ မမေ့နဲ့ ခက်"



www.burmeseclassic.com

www.burmeseclassic.com



"ခက် နားလည်သင့်သလောက် နားလည်ပါတယ် မောင်၊ ဒါပေမဲ့ ခက် မေ့မရဘူး၊ စိုးရွံ့နေတယ်"

"မောင်ကတော့ မေ့ပစ်လိုက်စေချင်တယ်၊ အိပ်မက်ဟာ တကယ်မှ မဟုတ်တာပဲ ခက်ရယ်"

ထို့နောက် ခက် ဘာမှမပြောတော့။ ထို့အတူပင် ခက်လည်း သည်အကြောင်းကို မမေ့နိုင်ခဲ့ပါ။

"ဘုရား... အိပ်မက်ဟာ အိပ်မက်ပဲ ဖြစ်ပါစေ"

✤

ထိုစဉ် သူမအား စိုးရိမ်ထိတ်လန့်မှုကို ပိုစေရန် အကြောင်းတစ်ခုက ဘူးလေးရာ ဖရုံဆင့် ပေါ်လာခဲ့၏။ ဒါက အခြားမဟုတ်။

ခက်ခက် တစ်ယောက် အစားပျက်ပြီး အော့အန်ခြင်းကြောင့် ဆေးခန်းပြရာ ဆရာဝန်က မောင့်ကိုကြည့်၍...

"ဘာမှ စိုးရိမ်စရာ မရှိဘူး၊ ကိုမင်းဝေ ဝမ်းသာရမယ့်ကိစ္စပါ၊ ခင်ဗျားတို့မှာ ရွှေမရှား၊ ငွေမရှား ပြည့်စုံခဲ့ပေမယ့် သားသံမီးရတနာ မရှိခဲ့ဘူးလေ၊ ခုတော့ ပြည့်စုံပြီလို့ ဆိုရတော့မယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။ မောင့်မျက်နှာ ဝင်းလက်သွားသည်။

"ဘာ… ခက်ရင်ထဲမှာ ရင်သွေးလေး ရှိနေပြီ… ဟုတ်လား"

"ဟုတ်တယ် ကိုမင်းဝေ၊ ခင်ဗျားဇနီးလောင်း ပတ္တမြား ရွှေကြုတ် နှုတ်ငုံစပြုနေပြီ"

"ဟာ… ဝမ်းသာလိုက်တာဗျာ"

မောင် ဝမ်းသာနေ၏။ မောင် ဝမ်းသာနေသဖြင့် သူမ ဘာမှမပြောခဲ့သော်လည်း သူမ ရင်ထဲတွင်မူ စိုးထိတ်နေ၏။

"ဒီရင်သွေးဟာ ငါ့အတွက် အကောင်းမှ ဟုတ်ရဲ့လား ဟိုအိပ်မက်ဟာ နိမိတ်တစ်ခုများ ဖြစ်နေမလား"

ဟု တွေးနေမိသည်။

"ဟိုသည် မစဉ်းစားနဲ့ ခက်၊ အိပ်မက်ဟာ တကယ် မဟုတ်ဘူး"

ဟု ပြောသည်။

ထို့အတူ မောင့်သူငယ်ချင်း စိတ်ရောဂါကုဆရာဝန် ကိုမြတ်စိုးကလည်း…

"ကျွန်တော် ခက်ခက်ကို တစ်ခု အကြံပေးချင်တယ် အရာရာကို မေ့ထားဖို့ပဲ ခက်ခက်၊ အဲ့ဒီလိုသဖြင့် ခင်ဗျားရဲ့စိတ်ကို အဆိပ်အတောက် ဖြစ်စေမယ့် ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေကို မတွေးနဲ့၊ လောကမှာ စိတ်ကြောင့် ရုပ် ဒုက္ခ ဖြစ်ရတာ အများကြီးရှိတယ်"

ဟု ရှင်းပြသည်။

ခက်ခက်က...

"တချို့အိပ်မက်ကို နိမိတ်တစ်ခုလို့ ပြောကြတယ်။ အဲဒါ မမှန်ဘူးလို့ ဆရာက ဆိုချင်တာလား"

ဟု ပြန်မေးမိသည်။

ဒေါက်တာမြတ်စိုးက ပြုံးသည်။

"ဒီအယူအဆဟာ ရိုးရာအယူအဆ ဖြစ်နေလို့ မမှန်ဘူးလို့ မပြောနိုင်ဘူး"

"ကျွန်တော်ပြောချင်တာက၊ အိပ်မက်ရခြင်း အကြောင်းတွေရှိတယ်"

"ဒီအကြောင်းတွေ ဆရာ သိလား"

ဒေါက်တာမြတ်စိုးက ခေါင်းညိတ်သည်။ ပြီးမှ...

"ကျွန်တော့် အိပ်မက်နိမိတ်နဲ့ ပတ်သက်လို့ လေ့လာဖူးတယ် ခက်ခက်၊ လေ့လာရသမျှ ပြောရရင် အိပ်မက် မက်ခြင်းနဲ့ ပတ်သက်လို့ အိပ်မက်ကြီးခြောက်ပါးရှိတယ်။ အဲဒါတွေက ဘာတွေလဲဆိုတော့ (၁) မြင်ဖူးသည်ကို စွဲ၍မက်မှု အကျိုးအပြစ်ရှိ၏။ (၂) ကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



သည်ကို စွဲ၍မက်မှု အကျိုးအပြစ်ရှိ၏။ (၃) ခံစားဖူးသည်ကို စွဲ၍မက်မှု အကျိုးအပြစ်ရှိ၏။ (၄) ကြုံဖူးသည်ကို စွဲ၍မက်မှုအကျိုးအပြစ်ရှိ၏။ (၅) မြင်ဖူးသည်ကို စွဲ၍မက်မှု အကျိုးအပြစ်မရှိ။ (၆) စိတ်ချောက်ချား၍မက်မှု အကျိုးအပြစ် မရှိလို့ ဆိုထားတယ်...

"အဲဒီလိုပဲ အိပ်မက်နဲ့ ပတ်သက်လို့ နောက်တစ်နည်းရှိသေးတယ်၊ အဲဒါက ဘာလဲဆိုတော့ (၁) နတ်တို့ပြော၍ မက်မှုအကျိုးအပြစ်ရှိ၏။ (၂) ရှေ့ခံစားဖူး၍မြင်မက်မှု အကျိုအပြစ်မရှိ။ (၃) စိတ်ချောက်ချား၍မက်မှု အကျိုးအပြစ်မရှိ။ (၄) အကျိုးပေးလတ္တံ့သောကြောင့် မက်မှုကေန္တ အကျိုးရှိ၏ဟု ဆိုထားတာတွေ့ရတယ်...

"အိပ်မက်အကြောင်းတွေက အများကြီးပဲနော်"

သူမက ပြောလိုက်မိသည်။ ထိုအခါ ဒေါက်တာမြတ်စိုးက...

"အများကြီးရှိတာပေါ့ ခက်ခက်၊ အိပ်မက်နဲ့ ပတ်သက်လို့ လေ့လာရင် မက်ရတဲ့အကြောင်းရင်း ရှိသလို အချိန်အခါနှင့် အကျိုးအပြစ်ရှိသလို အကျိုးရှိ အမျိုးမဲ့ဆိုတာလည်း ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြသည်။

"ဒါဆို ခက်ခက်ကို ရှင်းပြပါလား"

ဟု ပြောလိုက်သည်။ ထိုအခါ မောင်က...

"ဒီတစ်ခါတော့ မောင်ကပဲ ရှင်းပြပါ့မယ်"

ဟု ဆိုသဖြင့် မောင့်ကို လှည့်ကြည့်လိုက်မိသည်။

"မောင်လည်း သိတယ်"

မောင်က ခေါင်းညိတ်ပြီး...

"သိတာပေါ့ ခက်၊ ရိုးရာကိစ္စဆိုတော့ သိသင့်တယ် လေ၊ အိပ်မက်ရဲ့မက်တဲ့ အခါတွေရှိတယ်၊ အခါနဲ့ ပတ်သက်လို့ ရှေ့ဆရာတွေက နေ့အခါမက်တာနဲ့ ပထမယံမက်ရင် အကျိုးအပြစ် မပေးဘူးလို့ဆိုတယ်၊ သန်းခေါင်ယံမက်ရင်၊ မိုးသောက်ယံမက်ရင်၊ အရုဏ် တက်မက်ရင် အကျိုးအပြစ် ပေးအံ့လို့ အဆိုရှိတယ်၊ ဒါတွေနဲ့ ပတ်သက်လို့ ထပ်လေ့လာရင် ပထမယံမက် ရင် တစ်နှစ်အတွင်း အကျိုးအပြစ်ပေးတယ်၊ ဒုတိယ ယံမက်ရင် (၆)လအတွင်း အကျိုးအပြစ်ပေးတယ်၊ တတိယယံနဲ့ စတုတ္ထယံမက်ရင် (၅)လအတွင်း အကျိုး အပြစ်ပေးတယ်လို့ ဆိုရိုးရှိတယ်"

"အိပ်မက်က တော်တော်ကျယ်ပြန့်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပဲပေါ့ ခက်၊ အိပ်မက် မက်တဲ့နေ့အလိုက်ကို ကြည့်ပြီး ဘယ်သူ့အတွက် ဆိုတာလဲ သိနိုင်တယ်"

ခက်ခက်က တအံ့တဩနှင့် "ဟုတ်လား မောင်"ဟု မေးသည်။

"ဟုတ်တယ် ခက်၊ အိပ်မက် မက်တဲ့နေ့ကိုကြည့်ပြီး ဘယ်သူ့အတွက် မက်တယ် ဆိုတာ သိနိုင်တယ်၊ တနင်္ဂနွေနေ့မက်ရင် မယားအတွက်မက်တာ၊ တနင်္လာနေ့မက်ရင် ဆွေမျိုးအတွက်မက်တာ၊ အင်္ဂါနေ့မက်ရင် မိဘဆရာသမား အတွက်မက်တာ၊ ဗုဒ္ဓဟူးနေ့မက်ရင် သားသမီးအတွက်မက်တာ၊ ကြာသပတေးနေ့မက်ရင် အဆွေခင်ပွန်းအတွက်၊ သောကြာနေ့မက်ရင် ကျွန်၊ ကျွဲနွားအတွက်၊ စနေနေ့မက်မှ ကိုယ့်အတွက် မက်တာ ခက်၊ ခက် အိပ်မက် မက်တာ ဘယ်နေ့ဆိုတာ မှတ်မိလား"

"ဟင့်အင်း..."

ခက်ခက်က ကလေးလေးလို မျက်လုံးအဝိုင်းကလေးနဲ့ကြည့်ပြီး ခေါင်းခါ၏။

သည်သောအခါ ဒေါက်တာမြတ်စိုးက...

"ဒါဆို ခက် မစဉ်းစားနဲ့တော့၊ အိပ်မက်မကောင်းတဲ့ အပြစ်ပြေဖို့အတွက် ကျွန်တော် ယတြာပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယတြာ... ဟုတ်လား ဆရာ"

"ဟုတ်တယ်၊ အိပ်မက်ယတြာတွေနဲ့ ပတ်သက်လို့ ကျွန်တော့်ကတော့ အကုံရသေ့တိတ္ထုကျမ်း အလိုကို အကြိုက်ဆုံးပဲ"

"ဘယ်လို ယတြာလဲ ဆရာ"

"မကောင်းတဲ့ အိပ်မက်မက်ရင် ရတနာသုံးပါး၊ မိဘ၊ ဆရာသမားကို ပူဇော်ကန်တော့ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းကိုပြုရင် မကောင်းကျိုးတွေပျောက်ပြီး ကောင်းကျိုးရောက်တဲ့ ခက်"

"ခက် လုပ်ပါ့မယ်"

ခက်က ပြောလိုက်၏။

သူ့ စိတ်ထဲ၌ ပေါ့ပါးသလို ဖြစ်နေ၏။ ပြီးတော့ ကံကောင်းပါစေဟု ဆုတောင်းရမည်မှာလည်း အမေ့ပင်။

✤



www.burmeseclassic.com

www.burmeseclassic.com



# (၄) ကံကောင်းခြင်းလက်ဆောင်

သူမသည် အိပ်မက်အကြောင်းကို မေ့ထားခဲ့သော်လည်း လရင့်လာသည်နှင့်အမျှ စိတ်တထင့်ထင့် ခံစားရသည်။ လရင့်လာသလို ထိုအိပ်မက်ကား ခဏ ခဏ မြင်မက်လာသည်။

"ဒီအိပ်မက်ပဲ မက်နေတယ် မောင်"

ခက်က ပြောသည်။

"မောင်ကတော့ ခက် စွဲလမ်းစိတ်နဲ့ မက်နေတယ်လို့ပဲ ထင်တယ်"

"မောင် ပြောချင်တာက ခက် ဥပဒါန် မစွက်စေချင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခက်လည်း ကြိုးစားပါတယ် မောင်၊ အိပ်မက်ထဲက အတိုင်း ကိုယ်ပွားကလေး မွေးပေးပြီး သေခဲ့ရင်တောင် ခက် သေဝံ့တယ်၊ ခက် စိုးရိမ်တာက မောင့်ကိုပဲ၊ မောင် အထီးကျန်နေခဲ့မှာ စိုးတယ်၊ မောင့်ကို ခက် မခွဲနိုင်ဘူး"

"ခက်ရယ်... မောင်နဲ့ ခက်နဲ့က သေမှခွဲရမှာပါ၊ အိမ်ထောင်သက် နှစ်တစ်ရာတိုင်မယ်လို့ပဲ မောင် ယုံတယ်"

"ခက်လည်း ဒီအတိုင်း ဖြစ်ပါစေလို့ ဆုတောင်းပါတယ်"

"ခက်ရယ်"

မောင်ကမူ အားပေးဖော် ကြင်နာဖက် ပီသသည်။ ခက်ကို ဂရုလည်းစိုက်၏။ သည်လိုနှင့် ရက်ပေါင်းများစွာ ဖြတ်သန်းခဲ့သည်။

သို့နှင့် ရင်သွေးကို မွေးမည့်ရက်ကို ရောက်ခဲ့သည်။

"ဒီကနေ့ဟာ ဂျူးဒိတ်ပဲ မောင်၊ ခက်လေ အိပ်မက် တိုင်းဖြစ်မှာကို စိုးတယ်၊ ခက်ရယ် ဘာတွေစဉ်းစား နေလဲ၊ ခက်ရင်သွေးကို ချောမောစွာ မွေးနိုင်မယ်လို့ မောင် ယုံတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ခက် မရှိခဲ့ရင် ခက်တို့ ရင်သွေးလေး ကိုဂရုစိုက်ပါနော်"

"ခက်ရယ်... ခက် ဘာမှမဖြစ်ဘူးဆိုတာ မောင်ယုံတယ်"

ခုတော့ ခက်ခက်သည် မွေးချိန်နီးသဖြင့် မွေးခန်းတွင်းသို့ သွင်းလိုက်ရပြီ။ မင်းဝေသည် ခက်၏လက်ကို လွှတ်လိုက်ရတော့ ရင်ထဲ ဟာခနဲ ဖြစ်သွားသည်။ ဘာကိုမျှ ယုံကြည်မှု မရှိသောလည်း ခက် ပြောသလို အိပ်မက်အတိုင်း ဖြစ်သွားမှာကို စိုးရိမ်မိပြန်သဖြင့် စိတ်ကိုလည်း ထိန်းသိမ်းထားရ၏။ ထို့ကြောင့် မင်းဝေ ဂနာမငြိမ် ဖြစ်ခဲ့ရ၏။

နာရီလက်တံတွေ လှုပ်ရှားနေသလို သူ့ရင်တွေခုန်နေ၏။ သူ ရင်မောစွာ မွေးခွန်းတွင်းမှ တုံ့ပြန်သံကို စောင့်နေရ၏။ ထိုစဉ် မွေးခန်းတွင်းမှ ဒေါက်တာခင်လေးမူ ထွက်လာသည်။

"ဒေါက်တာ ခက်၊ ခက်ခက် အခြေအနေ ဘယ်လိုရှိလဲ၊ သားလေးလား၊ သမီးလေးလားဟင်"

ဟု အလောတကြီးမေးလိုက်၏။

"မိခင်ရော ကလေးရော အခြေအနေ ကောင်းတယ် ကိုမင်းဝေ၊ ရှင့်သမီးလေးက ချစ်စရာလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ကျွန်… ကျွန်တော်တွေ့လို့မရလားဟင်"

"မကြာခင် မွေးခန်းထဲက ထုတ်တော့မှာပါ ကိုမင်းဝေ"

"ကျေးဇူးပါပဲ ဒေါက်တာ"

✤

သီးသန့်ခန်းသို့ရောက်လျှင် ခက်ကို တွေ့ရ၏။

"ခက်"

ခက်က သမီးကို ထွေးပိုက်လျက် ခက်မျက်နှာ လန်းဆန်းနေ၏။

"မောင်"

"ခက်ရယ်… ဝမ်းသာလိုက်တာ၊ ကဲ… မောင်ပြောတယ် မဟုတ်လား"

"ခက်လည်း ကံကောင်းတဲ့အတွက် ဝမ်းသာတယ်"

"ဒါဆိုရင် ခက် ဘာမှမတွေးနဲ့တော့၊ သမီးကလေးအတွက် မောင်တို့ ကြိုးစားရမယ်၊ မောင်တို့အချစ်နဲ့ သမီးကလေးဘဝ လန်းဆန်း စိုပြည်စေရမယ်"

ခက်က ပြုံးသည်။

ကိုမင်းဝေ ခက်ကို ခပ်ဖွဖွနမ်းသည်။

✤



www.burmeseclassic.com

www.burmeseclassic.com



## (၅) တမလွန်ရေဆန်ခရီး

သမီးကလေးက ချစ်စရာကောင်းသည်။ မောင်က လည်း သမီးလေးကို ချစ်သည်။ အထူးသဖြင့် ဝမ်းဖြင့်လွယ် မွေးရသော ခက်က ပို၍ချစ်သည် ဆိုရမည်။ ခက်အနေနှင့် သူ့ကလေးကို ချစ်ရသည်မှာ နောက်ကြောင်းအနေလည်းရှိ၏။

ထိုအကြောင်းက တခြားမဟုတ်။ သမီးကလေး၏ မျက်နှာက အိပ်မက်ထဲက မိန်းကလေးမျက်နှာနှင့် တူနေသော ကြောင့်ဖြစ်၏။ ခက်သည် သမီးကလေးအား အိပ်မက်ထဲမှ မိန်းကလေးလို အထီးကျန် မဖြစ်စေရဟု ဆုံးဖြတ်သည်။

"သမီးကလေးက ချစ်စရာလေးနော်"

မောင်က ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ခက်ကတော့ သမီးကလေးဟာ ချစ်စရာကောင်းသလို စိတ်ဝင်စားစရာလည်း ကောင်းတယ်လို့ ထင်တယ်"

"ဘာကြောင့်လည်း ခက်"

"လောလောဆယ် ခက် မပြောတတ်ဘူး၊ ဒါပေမဲ့ တစ်ချိန်မှာတော့ အဖြေပေါ်လိမ့်မယ် မောင်"

"ခက်ရယ်... မဟုတ်တာတွေ မတွေးပါနဲ့"

"ခက်လည်း ,မတွေးချင်ပါဘူး"

ထို့နောက် သူတို့ မေ့မေ့ပျောက်ပျောက် နေခဲ့သည်။ သို့နှင့် အချိန်တို့ ကုန်မှန်းမသိ ကုန်သွားခဲ့သည်။ ဤသို့ဖြင့် သမီးကလေး စကားပြောတတ်သည့် အရွယ်သို့ ရောက်လာသည်။ ထိုစဉ် သမီးကလေးက ထူးခြားသည့် စကားတစ်ခု ပြော၏။

"သမီး မြိုင်သာယာကို သွားချင်တယ် အမေ"

ဟု ပြောသည်။ သမီးက မြိုင်သာယာကို သွားချင်တယ် ဆိုတော့ ခက် အံ့သြရသည်။ မြိုင်သာယာသည် ခက်သမီးက မကြားဖူးသည့် မြို့။

"မြိုင်သာယာဟာ ဘယ်မှာလဲ၊ မေမေ မသိပါဘူး"

"မေမေ မသိပေမယ့် သမီး သိတယ်လေ၊ မြိုင်သာယာမှာ သမီးရဲ့ ဟိုးဘဝဟောင်းက အဖေနဲ့အမေ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်၊ ဘဝဟောင်းက အဖေနဲ့အမေ ဟုတ်လား"

"ဟုတ်တယ် မေမေ၊ ဘဝဟောင်းတုန်းက သမီးရဲ့နာမည်က 'စုနန္ဒာ'လေ၊ သမီး သားကလေးမွေးတဲ့နေ့မှာ သမီး သေခဲ့တာ၊ သမီး သူတို့ကို လွမ်းတယ် မေမေရယ်"

ခက် ဘာပြောရမည်ကို မသိ။

ခက်သည် သမီးလေး၏ စကားများကို နားထောင်ရင်း ကျောချမ်းသွားမိ၏။ အိပ်မက်အကြောင်းကို သတိရမိပြန်၏။ သမီးကလေးသည် ခက် အိပ်မက်၌ တွေ့ခဲ့သည့် မိန်းကလေးများလား။

"မေမေ လိုက်ပို့မလားဟင်"

သမီးက မေးသည်။

ခက်က သက်ပြင်းချပြီး "သမီးဖေဖေကို ပြောပြမယ်လေ"ဟု ပြောရ၏။ သမီးက "သမီးကို လိုက်ပို့ပါနော်"ဟု ဆို၏။

ခက် သမီးကို ကြင်နာစွာ ထွေးဖက်လိုက်၏။

✤



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းအား မောင့်ကို ပြောပြရသည်။

"သမီးက မြိုင်သာယာကို သွားချင်တယ် ပြောတယ် ဟုတ်လား"

"ဟုတ်တယ် မောင်၊ မြိုင်သာယာဆိုတာ ရှိလား"

"ရှိတယ် ခက်၊ မြိုင်သာယာဆိုတာက မန္တလေးနဲ့ မဝေးတဲ့ တစ်နေရာမှာရှိတဲ့ မြို့ကလေးပဲ"

"ဒါဆို ဒီမြို့ကိုသွားရင် ကောင်းမလား မောင်"

"မောင်လည်း ဒါပဲ စဉ်းစားနေတာ"

"ခက်လည်း သွားချင်တယ် မောင်၊ မြိုင်သာယာသွားခြင်းအတွက် ထူးခြားတဲ့ ဖြစ်စဉ်တစ်ခု ပေါ်ပေါက်နိုင်မယ်လို့ ထင်တယ်"

"မောင် ကြိုးစာမယ် ခက်၊ ဒေါက်တာမြတ်စိုးနဲ့ တိုင်ပင်ပြီး အမြန်စီစဉ်မယ်"

ထို့နောက် ခက်နှင့် သမီးတို့သည် မောင်နှင့် ဒေါက်တာမြတ်စိုးတို့၏ စီစဉ်မှုနှင့် မြိုင်သာယာသို့ ခရီးနှင်ခဲ့သည်။

သမီးသည် ပျော်နေ၏။

သူတို့အားလုံး အံ့သြ ဝမ်းသာကြမှာ အမှန်ပဲ ဖေဖေ"

✤



www.burmeseclassic.com

www.burmeseclassic.com



မြိုင်သာယာသို့ ရောက်ခဲ့ပြီ။

မြိုင်သာယာသို့ ရောက်ခဲ့ပြီ။

မြိုင်သာယာသို့ ရောက်လျှင် ပထမဆုံး အံ့ဩရသည်က ခက်နှင့် မောင်ဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် သမီးကလေးသည် မြိုင်သာယာသို့ရောက်လျှင် မြူးကြွပျော်ရွှင်နေ၏။

"မြိုင်သာယာလည်း သိသိသာသာ ပြောင်းလဲသွားတယ် အမေ"

ဟု ပြော၏။

"အခု ဖေဖေတို့ ဘယ်သွားမလဲ"

မောင်က မေးလိုက်သည်။

"သမီး ဘဝဟောင်းက အမေနဲ့ အဖေဆီ သွားမယ်လေ"

"သူတို့က ဘယ်မှာလဲ"

"မြို့လယ်မှာလေ၊ သမီး ပြမယ်"

ဒေါက်တာမြတ်စိုးနှင့်အတူ သားအဖသုံးယောက် မြို့တွင်းသို့ ဝင်ခဲ့သည်။ လမ်း၌ ထူးခြားသည့် အဖြစ်တစ်ခု ကြုံခဲ့၏၊ ထိုအဖြစ်က အခြားမဟုတ်။ သမီးသည် လူငယ်တစ်ဦးအားတွေ့လျှင် "သက်မောင်... သက်မောင်" ဟုခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူငယ် တွေခနဲ ရပ်သွား၏။

"ဟဲ့... သက်မောင်၊ ငါ့ စုန္ဒာလေ၊ နင် မေ့သွားပြီလား"

"ဘာ... စုန္ဒာ ဟုတ်လား၊ စုန္ဒာက ကလေးမွေးပြီး သေသွားတာ (၈)နှစ်တောင်ရှိပြီပဲ"

"ဒါတော့ နင် မမေ့သေးဘဲကိုး၊ ဒါထက် အဖေတို့ အမေတို့ နေကောင်းရဲ့လား"

"ကောင်း... ကောင်းပါတယ်"

"အေး... ဒါဆို သွားမယ်၊ လာ... အဖေနဲ့အမေ"

ဟု ပြောပြီး ထွက်သွားသည်။ မောင်နှင့် ခက်က သမီးနောက်သို့ လိုက်ခဲ့သလို၊ ဒေါက်တာမြတ်စိုးက သက်မောင် ဆိုသည့် လူငယ်နှင့် ကျန်ခဲ့၏။ သူ သက်မောင်နှင့် သမီး အတိတ်အကြောင်း စူးစမ်းနေပုံရ၏။

မကြာမီ ခက်နှင့် မောင်သည် သမီးနှင့်အတူ အိမ်တစ်အိမ်ရှေ့သို့ ရောက်လေ၏။ အိမ်ကြီးက ရှေးဆန်သည့် အိမ်ကြီးတစ်အိမ်ပင်။

သမီးက ခက်၏လက်ကို ဆုပ်ကိုင်ရင်း...

"ဒါ သမီး ဘဝဟောင်းက နေခဲ့တဲ့အိမ်လေ၊ လာ... အိမ်ထဲမှာ ဘဝဟောင်းက အမေနဲ့ အဖေရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး "အမေနဲ့အဖေ"ဟု ခေါ်ကာ အိမ်ထဲသို့ ပြေးဝင်သွား၏။ မောင်နှင့် ခက်ကမူ နောက်မှ ခပ်သွက်သွက် လိုက်ခဲ့၏။

ဧည့်ခန်းတစ်ခုရှေ့သို့ ရောက်ခဲ့ပြီ။

ဧည့်ခန်းက ကျယ်သည်။ ဧည့်ခန်းထဲမှာ အသက်(၆၀)ဝန်းကျင် အဘိုးကြီးတစ်ဦးနှင့် အဘွားကြီးတစ်ဦး ထိုင်နေ၏။ သူတို့ဘေးတွင် သမီးနှင့်ရွယ်တူဟုဆိုသည့် ကလေးတစ်ဦး ထိုင်လျက်...

သူတို့က သမီးကို ငေးကြည့်နေ၏။

"အမေ... အဖေ"

ဟု သမီးက ခေါ်လိုက်၏။ ပြီးတော့ အဘိုးကြီး အဘွားကြီး ရင်ခွင်သို့ ခိုဝင်လိုက်၏။ အဘိုးကြီး ကြောင်နေ၏။ ခက်တို့ကို နားမလည်စွာ လှမ်းကြည့်သည်။

ထိုစဉ် မောင်က "ကျွန်တော်တို့က ရန်ကုန်ကပါ။ သမီးကလေးက မြင်သာယာမှာ သူ့ရဲ့ဘဝဟောင်းက အဖေနဲ့အမေ ရှိတယ်ဆိုပြီး လိုက်ပို့ပါဆိုလို့ လိုက်ပို့တာပါ"ဟု ပြော၏။ ထိုအခါ သမီးက...

"ဖေဖေနဲ့ မေမေ၊ ဒါ သမီးရဲ့ဘဝဟောင်းက အဖေနဲ့ အမေဖြစ်တဲ့ ဦးညိုမောင်၊ ဒေါ်နွယ်နီလေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး "သမီးက စုန္ဒာလေ၊ သားကလေးမွေး ပြီး ဘဝတစ်ပါး ပြောင်းသွားရသူလေ"ဟု ရှင်းပြသည်။

"သမီးက သမီးက နန္ဒာလား"

"ဟုတ်ပါတယ် အမေ၊ အမေ့သမီး အစစ်ဆိုတာ ဟောဒီမှဲ့က သက်သေခံမှာပါ"

ဟု ပြောရင်း ဗိုက်မှမှဲ့ကို လှန်ပြ၏။ ထိုအခါ အဘွား ကြီးက ဝမ်းပန်းတနည်း ဖက်၍ငိုသည်။

"သမီးရယ်... အမေတို့ကို ဒီဘဝအထိရောက်အောင် မမေ့တာ သိပ်ဝမ်းသာတယ်"

ဟု ပြောပြီး ဖက်၍ငိုလေသည်။ ဘေးကမြင်ရသည့် ကော်နှင့် မောင်လည်း ရင်ထဲဆို့တက်လာ၏။

အဘိုးကြီးက...

"သမီး သူ့ကိုကော မှတ်မိလား"

ဟု ကလေးကို လက်ညှိုးထိုးပြ၏။ သမီးက ချက်ချင်း မှတ်မိပါ။ အသေအချာ ကြည့်သည်။

"သူက သမီးသားလေ သမီးရဲ့"

ဟု အဘွားကြီးက ပြော။

သမီးသည် ကလေးကို မှတ်မိသွားဟန်ဖြင့် ကလေးကို ဆွဲဖက်ပြီး "သားရယ်... အမေက သားကိုမွေးပြီး ဘဝ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးကို ပြောင်းသွားရတော့ ချက်ချင်းမမှတ်မိတာ ခွင့်လွှတ်ပါ”ဟု ဆိုသည်။

“မေမေ”

ဟု ခေါ်၏။

“သားရယ်… တို့သားအမိ ပြန်ဆုံရတာဝမ်းသာတယ်”

ဟု ပြောရင်း တစ်စုံတစ်ရာကို သတိရဟန်ဖြင့်…

“အမေ… ကိုစိုးလွင်ကော”ဟု မေး၏။

အဘွားကြီးက “စိုးလွင် နောက်အိမ်ထောင်ပြုသွားပြီ လေ”ဟု ဆို၏။

သမီးမျက်နှာ ခက်ထန်သွားသည်။

“ယောကျ်ားတွေက တယ်စိတ်ချရပါလား၊ မိန်းမသေ တာနဲ့ နောက်အိမ်ထောင်ပြုဖို့ စဉ်းစားတယ်၊ ကိုယ့် သားလေးကို စောင့်ရှောက်ဖို့ စိတ်မကူးဘူး၊ အလကား ယောကျ်ားတွေ”

“ကဲပါ သမီးရယ်၊ ပြီးတာလည်း ပြီးခဲ့ပြီပဲ၊ ဒါတွေ မေ့ထားလိုက်ပါ”

“အင်းပေါ့လေ၊ သမီးကလည်း ဘဝပြောင်းနေပြီ တော့ ဘာတတ်နိုင်တော့မှာလဲ၊ သားကလေး အကြောင်း ပါတယ်”ဟု ညည်းသလို ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ခက်နှင့်မောင်ကမူ ကျောက်ရုပ်လို ငြိမ်သက်နေ၏။ အိပ်မက်တွင် ဆုံတွေ့ရသည့် မိန်းကလေး၏ ဝိညာဉ်က မိမိအားပူးကပ်ကာ လိုက်ခဲ့သည်ပဲ ဖြစ်မည်ဟု တွေးမိ၏။ လူဝင်စားဆိုသည့် အဖြစ်ဆန်းအား ခက်ခက် ကိုယ်တိုင်ကြုံခဲ့ပြီမို့ မယုံလို့လည်း မရတော့။

သမီးကမူ စိတ်ပန်းလူပန်း ဖြစ်သွားသည်လားမသိ။ နှစ်ခြိုက်စွာ အိပ်ပျော်နေပေပြီ။ မအိပ်နိုင်သူများက ခက်၊ မောင်နှင့် ဒေါက်တာမြတ်စိုးတို့ပင် ဖြစ်၏။

✤



www.burmeseclassic.com

www.burmeseclassic.com



# (၆)ဘ၀နိဂုံး

"ဒေါက်တာ... သက်မောင်နဲ့ တွေ့ခဲ့တာ ဘာ အကြောင်းထူးလဲ"

ဟု မောင်ကမေးသည်။

ဒေါက်တာမြတ်စိုးက "ထူးခြားတယ်ကွ၊ သက်မောင် နဲ့ အသေအချာ ဆွေးနွေးတော့ သူ့သူငယ်ချင်းတွေထဲမှာ စုနန္ဒာဆိုတာ ရှိတယ်တဲ့၊ စုနန္ဒာဟာ စိုးလွင်နဲ့ အကြောင်းပါ ပြီး မဟာနန္ဒာစံအိမ်ကို လိုက်သွားတယ် မဟာနန္ဒာမှာ ကလေး မွေးပြီး သေသွားတယ်လို့ ပြောပြတယ်"ဟု ရှင်းပြသည်။

"ဒါဆို ဆမီးဟာ စုနန္ဒာ သေပြီး ဝင်စားတယ်လို့ သတ်မှတ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ သတ်မှတ်ရမယ်ကွ၊ လူ့ဝင်စားဆိုတာ ဒီ လောကမှာ တကယ်ရှိတယ်လေ"

"ထူးဆန်းနေတာက မဟာနန္ဒာအိမ်ကြီးထဲမှာ သေခဲ့တဲ့ စုနန္ဒာဟာ ဘယ်လို ခက်ရင်ထဲ ရောက်လာတာလဲ"

"စဉ်းစားနေတာက ဒါပဲလေ"

ထိုစဉ် ခက်က...

"ကျွန်မလည်း ဒါပဲ စဉ်းစားနေတာ၊ တစ်ခုရှိတာက ဝိညာဉ်ခြင်း ဆက်နွယ်တာဖြစ်မယ်၊ ကျွန်မ ဝိညာဉ် လွင့်မျောပြီး မဟာနန္ဒာစံအိမ်ထဲ ရောက်ချိန်မှ စုနန္ဒာ သေဆုံးပြီး၊ စုနန္ဒာဝိညာဉ်က ခက်ဝိညာဉ်နဲ့ ပူးကပ်ပါ လာတာဖြစ်မယ်"

ဟု ဝင်ပြောလိုက်သည်။

ဤသို့ ခက်က ပြောလိုက်လျှင် ဒေါက်တာမြတ်စိုးက...

"ဟုတ်တယ်၊ ကျွန်တော်လည်း ဒါပဲ စဉ်းစားနေတာ"

ဟု ပြော၏။

မောင်က "မင်းစဉ်းစားမိတာ ပြောပါဦး"ဟု ဝင်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ စဉ်းစားမိတာ တခြားမဟုတ်ဘူးကွ၊ စိတ်ပညာနဲ့ နာမ်လောကပညာရှင်တွေက ဝိညာဉ်ခြင်း ပူးကပ်ခြင်းနဲ့ ဆက်နွှယ်ခြင်း ရှိတယ်လို့ ဆိုတာ ဖတ်ဖူးတယ်"

"ဒါဆို မင်း ဆိုချင်တာက ခက်ဝိညာဉ်ဟာ အိပ်မက်အဖြစ်နဲ့ မျောလွင့်ပြီး မဟာနန္ဒာ စံအိမ်တွင်းကို ရောက်သွားမယ်၊ ဒီအချိန်ဟာ စုနန္ဒာ ဘဝကူးချိန်ဖြစ်တယ်၊ မျောလွင့်လာတဲ့ ခက်ရဲ့ဝိညာဉ်နဲ့အတူ စုနန္ဒာဝိညာဉ် ပူးကပ်သွားတာ ဖြစ်မယ်လို့ ဆိုချင်တာလား"

ထိုစဉ် ခက်က...

"ခက်လည်း ဒီလိုပဲ ထင်တယ်၊ စုနန္ဒာ ဝိညာဉ် သူ့ရဲ့ရုပ်ခန္ဓာက ခွာချိန်မှာ ခက်ဝိညာဉ်နဲ့ဆုံပြီး ခက်ဝိညာဉ်နဲ့ ပူးကပ်ပါလာပြီး ဘဝတစ်ခုကို ဖန်ဆင်းလိုက်တာ ဖြစ်နိုင်တယ်"

"ဒီကိစ္စတွေက နက်နဲတဲ့ကိစ္စပဲ ခက်၊ ဒါဟာ စိတ်ဝိညာဉ်ရဲ့ ဆန်းကြယ်တဲ့ ဖြစ်ရပ်တွေပဲ၊ ကိုယ်တွေ့မကြုံရင်တော့ မယုံနိုင်စရာ ကိစ္စပဲ"

"ခုတော့ ပြောမယုံ ကြုံမှသိလို့ ပြောရမလို ဖြစ်နေပြီ၊ ခက် ကိုယ်တိုင် မကြုံရင် ဘယ်လိုယုံစရာ ရှိမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲ ခက်၊ ဒါကိုပဲ စိတ်ဝိညာဉ်ရဲ့ ဆန်းကြယ်မှုလို့ ဆိုတာဖြစ်မှာ"

ဟု ဒေါက်တာမြတ်စိုးက ပြောသည်။

အားလုံးသည် ငြိမ်သက်နေပြီးမှ တိုင်ပင်ထားသလို သက်ပြင်းဆို ဟင်းခနဲ ချလိုက်လေသည်။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်

✤



www.burmeseclassic.com

www.burmeseclassic.com



# အကြိုတောက်တဲ့ ဝိညာဉ်

## သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



(၁)

သေဆုံးသူတစ်ဦးသည် သူသေဆုံးချိန်၌ သူ၏အဓိက ကျသည့် လူတစ်ဦးဦးထံသို့ အရောက်သွားခဲ့သည်ဟု အဆို ရှိ၏။

စိန်လင်း ဆေးရုံတင်ထားပြီး စိန်လင်း သေဆုံးချိန် တွင် စိန်လင်း ဝိညာဉ် အိမ်သို့ ပြန်ရောက်ခဲ့သည်ဟု ဆို၏။

ကျွန်တော် မှတ်မိနေသေး၏။

ထိုနေ့က ကျွန်တော် အလုပ်မှ ပြန်ရောက်လျှင် ဇနီး သည်က...

"မောင်... ဇွက်ထော်ယောက်ျား ကိုစိန်လင်း အခြေ အနေ သိပ်မကောင်းဘူးပြောတယ်၊ မောင် သတင်း သွားမေးလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၏။

ကျွန်တော် နာရီကြည့်လိုက်သည့်အခါ ည ၇း၀၀ နာရီ ရှိပြီဖြစ်၏။ သို့ကြောင့် ဆေးရုံလိုက်သွားဖို့ အချိန်မရှိတော့ ဟု သိရ၏။

“ဆေးရုံကို လိုက်သွားဖို့လည်း အချိန်မရှိတော့ဘူး”

ဟု ပြောလိုက်မိ၏။

ဇနီးသည်က “ဒါဖြင့် အိမ်သွား သတင်းမေးလိုက်ပေါ့ မောင်”ဟု ပြော၏။

“ကောင်းပြီ အေး”

ကျွန်တော် ကိုစိန်လင်း၏အိမ်သို့သွားကာ သတင်းမေး ခဲ့၏။ စိန်လင်းဇနီး ဥက်ထော်လည်း အိမ်မှာမရှိ။

သို့သော် သူ့ယောက္ခမများ ရှိနေသဖြင့် သတင်းမေး၍ ရသည်။ ကျွန်တော် သတင်းမေးပြီး အပြန်လမ်း၌ ကိုရေချမ်း နှင့်တွေ့တော့...

“ဆရာ ဘယ်ကပြန်လာလဲ”

ဟု မေး၏။

“မောင်စိန်လင်း ကျန်းမာရေး သွားသတင်းမေးတာ”

“ကောင်းသွားပြီ မဟုတ်လား၊ အခုပဲ သူ့နောင်ဖေး မှာ သူ့ကို ဖျတ်ခနဲ တွေ့လိုက်သေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၏။

ကျွန်တော်က "မဟုတ်က ဟုတ်ကကွာ၊ ငါ အခုပဲ သူ့အိမ် ပြန်လာတာပါ၊ သူ့အခြေအနေ မကောင်းဘူးကွ"ဟု ပြန်လိုက်၏။

သူက "ကျွန်တော် သူ့အိမ်နောက်ဖေးဘက်မှာ သူ့ ကိုတွေ့လိုက်တာလည်း အမှန်ပဲ၊ ပုဆိုးအစိမ်းကလေးဝတ်လို့ ခရာ"ဟု ပြော၏။

"ကဲပါကွာ၊ ဒါဆိုလည်း ကောင်းတာပေါ့"

ဟု ပြောပြီး လူစုခွဲခဲ့၏။

သို့နှင့် ကျွန်တော် အိမ်သို့ပြန်ရောက်လျှင် ဇနီးက... "အခုပဲ ဌက်ထော်ဆီက ဖုန်းလာတယ် မောင်၊ စိန်လင်း ခနစ်နာရီကျော်ကျော်လောက် ဆုံးသွားပြီ"ဟု ပြော၏။

ကျွန်တော် ဘာပြောရမည်မသိ။

စိန်လင်းဇနီးက စိန်လင်း ကွယ်လွန်အနီးစွရောက်သွား ပြီဟု အကြောင်းကြား၏။ ကိုရေချမ်းကမူ စိန်လင်း အိမ် နောက်ဖေး၌ စိန်လင်းကို ရိပ်ခနဲ တွေ့လိုက်သည်ဟုဆို၏။

ဤသို့ဆိုလျှင်......။

❖



www.burmeseclassic.com

www.burmeseclassic.com



(၂)

သံကြိုးစာ ရောက်သဖြင့် ကျွန်တော့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားခဲ့၏။

သံကြိုးစာက ကျွန်တော်၏ဦးကြီးလည်းဖြစ်၊ ကျေး ရှင်ဟုလည်း ပြောဆိုနိုင်သည့်သူ အကြောင်း။

ထို့ကြောင့် ကျွန်တော် ဥပေက္ခာပြု၍ မရပါ။ သွားရန် ဆုံးဖြတ်သည်။

သံကြိုးစာက...

"မောင်မြင့်...

မင်းဦးကြီး အသက်မီဖို့ အမြန်လာ...

ဖိုးချို"

ဟု ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးက အသက်ကြီးပြီ ဖြစ်သလို ရောဂါလည်း ရှိ၏။ သွေးတိုး၊ ဆီးချို၊ သွေးချို စုံသည်။

ဦးကြီးဟာ အနေအထိုင်၊ အစားအသောက် အမြဲသတိ ထားနေရသူဖြစ်၏။

နည်းနည်းကလေးမှ အမှားမခံသည့်ဘဝ ဖြစ်နေ၏။ သခု ဘာမှားခဲ့သနည်း။

ဘာပဲဖြစ်ဖြစ် ကျွန်တော် အမြန်ဆုံး သွားရမည်။

ဇနီးကလည်း...

"မောင် အမြန်ဆုံး သွားရမယ်၊ ဦးကြီးနဲ့ ပတ်သက်တဲ့ ကိစ္စက မောင့်အတွက် အရေးအကြီးဆုံးပဲ"

ဟု ပြော၏။

ကျွန်တော် ချက်ချင်း ရထားလက်မှတ်အတွက် စီစဉ်ရ၏။

ပြီးလျှင် နောက်တစ်နေ့နံနက်ထွက်သည့် အမြန်ရထားနှင့် ကျွန်တော် ထွက်ခဲ့သည်။

ကျွန်တော့်စိတ်၌ စိုးရိမ်စိတ်တို့ လွန်ကဲနေ၏။ ဦးကြီး အခြေအနေက မီးစာကုန် ဆီခန်း အခြေအနေလည်း ဖြစ်၏။

သေသင့်ချိန်ဟု ပြောရ၏။

သို့သော် ဦးကြီးကို မသေစေချင်သေး။



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးက ကျွန်တော့်အပေါ် ကောင်းသည်။

ဦးကြီး၏ကျေးဇူးကြောင့် ကျွန်တော် ဒီဘဝရောက်ခဲ့သည်ဆိုလျှင်လည်း မမှားပါ။

ကျွန်တော့် ကျေးဇူးရှင် ဖြစ်သဖြင့် ကျေးဇူးဆပ်ချင်သေး၏။

ကျွန်တော်သာ တန်ခိုးရှင်ဆိုလျှင် ကျွန်တော် ဆုတစ်ခုတောင်းလိုက်ချင်သေး၏။

"ဦးကြီး ကျန်းမာပါစေ၊ အသက် အန္တရာယ် ကင်းဝေးပါစေ"ဟု ဖြစ်၏။

သို့တစေ... ကျွန်တော်က တန်ခိုးရှင်မဟုတ်။

ယင်းသမို့ ကျွန်တော်သည် အချိန်ကိုဆွဲမဆန့်နိုင်သောသာမန်အတိုင်း ခရီးနှင်ရသည်။

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်သည် စည်သာမြို့သို့ ရောက်၏။

ကျွန်တော့်အား ဘူတာတွင် စိန်လှိုင်တို့တစ်သိုက် လာကြိုသည်။

ကျွန်တော် ရထားပေါ်မှ အပြေးဆင်းခဲ့သည်။ ကျွန်တော့်အား စိန်လှိုင်တို့တစ်သိုက်မှ ဖက်လဲတကင်း ကြိုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူတို့အား နှုတ်ဆက်ရင်း ဟိုသည်ကြည့်လိုက်ရာ တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ တွေ့လိုက်သဖြင့် ကျွန်တော် ပျော်သွား၏။

ကျွန်တော် တွေ့လိုက်သည်က ဦးကြီးပင်။

ထုံးစံအတိုင်း ဦးကြီးသည် ဟာဝေယံရှပ်အဖြူ လက်တိုနှင့် မီးခိုးရောင် ဘောင်းဘီကို ဝတ်ထား၏။

"ဟော... ဟိုမှာ ဦးကြီး၊ ဦးကြီး ငါ့ကို လာကြိုတယ်၊ ဝမ်းသာလိုက်တာ"

ဟု ပြောရင်း ရှေ့သို့ တိုးလိုက်၏။ ဦးကြီးက ပျောက်ချင်းမလှ ပျောက်သွား၏။

စိန်လှိုင်က ကျွန်တော့်အား တအံ့တသြ ကြည့်ရင်း "မောင်မြင့်... မင်း ဘာဖြစ်တာလဲ၊ ဦးကြီးကိုတွေ့တယ်၊ ဟုတ်လား" ဟု မေး၏။

"ဟုတ်တယ်၊ ငါ အသေအချာ ကုန်းတံတားပေါ်မှာ တွေ့လိုက်တာ၊ ဟာဝေယံရှပ်ဖြူနဲ့ မီးခိုးရောင်ဘောင်းဘီ ဝတ်ထားတယ်"

"မဖြစ်နိုင်တာ၊ ဦးကြီး အခြေအနေက ဒီကိုလာမကြိုနိုင်တဲ့ အခြေအနေကွ၊ မင်း အိမ်ရောက်ရင် သိမှာပါ၊ မင်း စိတ်စွဲလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှင်းပြ၏။

ကျွန်တော် မယုံနိုင်ပါ။

သို့သော် အိမ်သို့ရောက်လျှင် အလွန်တရာ အံ့ဩရ လေ၏။

အဘယ်ကြောင့်ဆိုသော် ဦးကြီးသည် မနက်(၁၀)နာရီ ကျော်ကျော်က အနိစ္စရောက်သွားကြောင်း သိရ၏။

သည်တော့မှ ကျွန်တော် ဖျတ်ခနဲ သတိရလိုက်၏။ ဦးကြီးရုပ်သွင်ကို ဖျတ်ခနဲ မြင်လိုက်ရသည်က နံနက်(၁၀) နာရီကျော်ကျော်ပင်။

"မင်း ဒီအချိန် ရထားဘူတာကို ရောက်လောက်ပြီလို့ ပြောတယ်၊ ဟာဝေယံရုပ်ဖြူနဲ့ မီးခိုးရောင်ဘောင်းဘီ လဲခိုင်းလို့ လဲပေးရတယ်၊ လဲပြီးပြီးချင်း ဆုံးသွားတာ" ဟု ရှင်းပြသည်။

ကျွန်တော် ကြွင်းကျန်ခဲ့သည့် ဦးကြီး၏ ရုပ်ကလာပ် အား ကြေကွဲစွာ ကြည့်လိုက်၏။

ဦးကြီးက ဟာဝေယံရုပ်ဖြူနှင့် မီးခိုးရောင်ဘောင်းဘီ နှင့်။

ကျွန်တော် ဦးကြီးကို တွေ့လိုက်ရသည့် ပုံသဏ္ဌာန် အတိုင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သက်ပြင်းကို ဟင်းခနဲချလိုက်ပြီး "ဦးကြီး ညာဥ်က ငါ့ကို အကြိုထောက်တာဖြစ်မယ်၊ ဦးကြီးရေ... မျှ...အမျှ"ဟု အမျှပေးဝေလိုက်မိသဖြင့် ဦးကြီး သာဓု ခေါ်မည် ထင်ပါသည်။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်

✤



www.burmeseclassic.com

www.burmeseclassic.com



သစ်ဘီလူး

သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



# (၁)

ကျွန်တော်သည် သရဲတစ္ဆေတို့အကြောင်းကို စိတ်ဝင်စားခဲ့သဖြင့် အသေးစိတ် လေ့လာခဲ့ပါသည်။

ယင်းသို့ အသေးစိတ် လေ့လာခဲ့သဖြင့်လည်း လူ့လောက၏ ထူးခြားဆန်းကြယ်မှုများကို တွေ့ရ၏။

တချို့က အိမ်တွင် ခြောက်လှန့်ခံရလျှင် သရဲခြောက်သည်။

ခြေသံတွေကြားလျှင် မကောင်းဆိုးဝါး ခြောက်လှန့်သည်၊ တစ္ဆေခြောက်သည်။ တစ္ဆေလိုက်သည်ဟု ပြောကြသည်။

ထို့အတူ တက်ခေါက်သံ၊ ခြေဆောင့်နင်းသံ၊ ကြားရလျှင်လည်း သရဲခြောက်သည်ဟု ထင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စင်စစ်မူ... တောက်ခေါက်သံ၊ ခြေဆောင့်နင်းသံ ကြားရတိုင်း သရဲ တစ္ဆေ ခြောက်လှန့်ခြင်း မဟုတ်ကြောင်း ဝက်ထီးကန်သို့ ရောက်ပြီး ဆရာချစ်နှင့်တွေ့မှ သိရသည်။

အမှန်ကိုဆိုသော် ပရလောကသည် ဆန်းကြယ်သလို ဖြစ်စဉ်များကလည်း ဆန်းပြားသည်ဟု ဆိုရမည်ဖြစ်သည်။

ဆရာချစ်က...

"ဒီကနေ့ လူတွေက အိမ်ထဲမှ တရှပ်ရှပ် ခြေသံတွေ ကြားရင်၊ တောက်ခေါက်သံတွေ ကြားရရင် ဒီအိမ်မှာ သရဲတစ္ဆေရှိပြီလို့ ထင်ကြတယ်"

ဟု ပြောလျှင်၊ ကျွန်တော်က "နို့ မဟုတ်ဘူးလား ဆရာချစ်" ဟုပြောတော့ ဆရာချစ်က ခေါင်းခါသည်။ ပြီးမှ...

"မဟုတ်ဘူးကွ၊ ဘာလို့လဲဆို တောထဲ တောင်ထဲ ရောက်ဖူးသူမှ သိမှာလို့ ဆိုရမယ်၊ တောထဲမှာ သစ်ကိုင်းကျိုးကျသံကြားပြီး၊ တကယ် သစ်ကိုင်းကျိုးကို မတွေ့ရတာ၊ ရယ်သံတွေ ကြားရတာ၊ ကြားဖူးလိမ့်မယ်၊ ဒါကို တချို့က တောတောင်ထဲရှိတဲ့ သရဲတစ္ဆေတွေက ခြောက်လှန့်တာလို့ ထင်ကြတယ်၊ ပြောရရင် မဟုတ်ဘူး"

"ဟုတ်ကဲ့... ပြောပါ ဆရာချစ်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း... ပြောရမယ်ဆိုရင် ငါကိုယ်တိုင်လည်း တစ်ချိန်က ဒီလိုထင်ခဲ့တာ၊ နောက်ကျမှ မဟုတ်မှန်းသိရတယ်၊ တစ်ခုရှိတာက ဒါက ပရလောကဖြစ်စဉ်၊ ပရလောက,က မကောင်းဆိုးဝါးပဲ၊ ဒါပေမဲ့ သရဲတစ္ဆေ မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ ဆရာချစ်"

"သစ်ဘီလူးကွ၊ သစ်ဘီလူးပဲ"

ဟု ပြောပြီး သစ်ဘီလူးအကြောင်းကို ပြောပြသည်။

✤



www.burmeseclassic.com

www.burmeseclassic.com



(၂)

ဆရာချစ်က ရတနာမြတ်သုံးပါးနှင့် အနန္တောအနန္တ ငါးပါး ဦးတိုက်ထား‌ပြီး လူတွေအား မေတ္တာနှင့် ကယ်တင်နေနေသည့် ဆရာတစ်ဦး ဖြစ်သည်။

တစ်ခါက ဆရာချစ်သည် မိတ်ဆွေတစ်ဦး၏ ဒုက္ခအား ကယ်တင်ရန်အလို့ငှာ အိမ်တစ်အိမ်သို့ ရောက်ခဲ့၏။

ဤအိမ်တွင် သရဲမတစ်ဦး ရှိနေပြီး သရဲမအား ထိုအိမ်ကြီးမှ နှင်ထုတ်ပေးရန် မေတ္တာရပ်ခံသဖြင့် ဆရာချစ် ဤအိမ်သို့ ရောက်ခဲ့၏။

ဤအိမ်၌ အမှန်တကယ် သရဲရှိခဲ့၏။ ထိုသရဲမ၏ နှိပ်စက်ခံနေရသည့် အိမ်သူအိမ်သားတို့အား ဆရာချစ် ကယ်တင်နိုင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာချစ်သည် မေတ္တာသုတ်ရွတ်ဆိုခြင်း မေတ္တာပို့အမျှဝေခြင်းနှင့်အတူ မကျွတ်မလွတ် သရဲတစ္ဆေတို့အား ပေတဒါနပြုခြင်းဖြစ်၏။ ဆရာချစ်က မေတ္တာဖြင့် ဦးစီးလုပ်ကိုင်ပေးခဲ့သဖြင့် သရဲမသည် ထိုအိမ်မှ ထွက်ခွာသွားခဲ့၏။

ကျွတ်လွတ်သောဘဝ ရောက်ခဲ့၏။

သို့သော်... တစ်ခုရှိသည်က ဆရာချစ်သည် စနစ်တကျ ပေတဒါနပြုခြင်း၊ မေတ္တာပို့ အမျှဝေခြင်းများ ပြုလုပ်ပေးသဖြင့် သရဲမ လွတ်ရာ ကျွတ်ရာသို့ ရောက်သွားခဲ့သော်လည်း ဤအိမ်တွင် ခြေဆောင့်နင်းသံ၊ တောက်ခေါက်သံ၊ သွားကြိတ်သံများ ကြားနေရသဖြင့် ဆရာချစ် စိတ်ညစ်ရသည်။

ဘာအနှောင့်အယှက်များ ရှိနေပြီလဲဟု စဉ်းစားအဖြေရှာရ၏။

ယင်းသို့ စဉ်းစားဝေဖန်ကြည့်သောအခါ သဘာဝတရားအရ သရဲတစ္ဆေ မရှိတော့ဘဲ သရဲတစ္ဆေခြောက်လှန့်ခြင်းပုံသဏ္ဍာန်များ ရှိနေခြင်းမှာ သွေးရိုးသားရိုး မဖြစ်နိုင်။

ထူးခြားသော ပရလောကဖြစ်စဉ်တစ်ခု ဖြစ်သည်။ မည်သို့သော ပရလောကသား ဖြစ်သနည်း။

ဟု စဉ်းစားရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ယင်သို့ စဉ်းစားမိသဖြင့်လည်း အိမ်တစ်အိမ်ဆောက်လျှင် သစ်ဟောင်းသစ်ခေါက်များမှ ထူးခြားချက်တစ်ခု ဖြစ်နိုင်သည်ဟု ယူဆမိသဖြင့် ထိုအိမ်တွင် အသေအချာ ရှာဖွေရာ သစ်သားမှ ထူးခြားသည့်အရာ ဖြစ်နေသည်ကို တွေ့ရ၏။

သစ်ခေါက်မှ ဘီလူးခေါင်းပုံသဏ္ဍာန် ပေါ်ပေါက်နေခြင်းဖြစ်၏။

ဆရာချစ်မှ သစ္စာပြု တိုင်တည်လိုက်သည့်အခါ အဖြေပေါ်လာခဲ့၏။

ဆရာချစ် ပြုံးလိုက်၏။

"အဖြေတစ်ခုတော့ ရပြီကွယ့်၊ သမီးတို့ သားတို့ကို နှောင့်ယှက်နေသူက သူ့ပဲဖြစ်မယ်"

ဟု ပြောပြီး သစ်သားမျက်နှာတွင် ဘီလူးခေါင်းသဏ္ဍာန် ပေါ်ပေါက်နေသည့် သစ်သားအား လဲလှယ်ခိုင်းလိုက်၏။

"ဒီသစ်သားချောင်းကို လဲလိုက်ရင် သမီးတို့ စိတ်ချမ်းသာမှု ရသွားမှာပါ"

ဟု ပြောခဲ့သလို၊ အိမ်ရှင်တို့ကလည်း ထိုသစ်သားချောင်းကို လဲလိုက်သည့်အခါ ခါတိုင်းကြားနေကျဖြစ်သည့် တောက်ခေါက်သံ၊ သွားကြိတ်သံ၊ ခြေသံများ မကြားရတော့။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် သစ်ဘီလူးအား ဖယ်ရှားလိုက်သဖြင့် သစ်ဘီလူးပေးသည့် ဒုက္ခနှင့် ထိတ်လန့်မှုအား ထိုအိမ်ရှင်တို့ မခံစားရပြီဟု ဆိုရမည် ဖြစ်သတည်း။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်

✤



www.burmeseclassic.com

www.burmeseclassic.com



# ပရလောကမှ စိန်ခေါ်နေသူများ

သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



(၁)

ပတ်ဝန်းကျင်က ရှုချင်စဖွယ် ကောင်းလှ၏။

သူ့ ဖြတ်သန်းလာသည့် ခရီးစဉ်တစ်လျှောက်တွင် တောင်ကုန်းတွေအပြည့်။ သူက ကျေနပ်စွာ ပြုံးလိုက်၏။

"ပတ်ဝန်းကျင်က နှစ်လိုဖွယ်ကောင်းပြီး ချစ်စရာပဲ"

ဟု ကင်းနော်တန်က ပြောလိုက်၏။ လူးဝစ်က ပခုံး တွန့်ပြီး ပြုံးလိုက်သည်။

"ဘယ်လိုလဲ တင်း၊ အခုဆိုရင်တော့ ခင်ဗျားက အာဖရိကချစ်သူ ဖြစ်သွားပြီ"

"ဟုတ်တယ်၊ အာဖရိက,ကလည်း ချစ်စရာ ကောင်းနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



လူးဝစ်က ကင်းနော်တန်ကို ကြည့်ကာ သဘောကျသွား၏။

မှန်သည်။ အာဖရိကက မြင်ကွင်းကလည်း လှနေ၏။ သဲတောင်ကုန်းများမှာ တစ်ခုနှင့်တစ်ခု ထပ်နေသကဲ့သို့ရှိပြီး လှိုင်းတွန့်များကဲ့သို့ ဖြစ်နေသည်။ အဝေးဝေးသေးသို့ မျက်စိတဆုံးကြည့်တော့လည်း လှိုင်းထနေသည့် တောင်ကုန်းများကိုသာ မြင်နေရ၏။

လူးဝစ်က...

"အဲဒါဟာ ကောင်းခြင်းလက္ခဏာတော့ မဟုတ်ဘူး မစ္စတာကင်း"

ဟုပြောရာ နားမလည်နိုင်စွာ ဖေ့ကြည့်လိုက်၏။

"ဘာဖြစ်လို့လဲ လူးဝစ်"

"ဒါဟာ သဲကန္တာရထဲ ရောက်ပြီဆိုတဲ့ လက္ခဏာလေ"

"ဟုတ်တယ်"

"ဟုတ်တယ် မစ္စတာကင်း၊ ဂျပန်ခေတ် ဒီနေရာမှာ ချွေးတပ်သားတွေနဲ့ မီးရထားလမ်း ဖောက်ခဲ့ဖူးတယ်"

ကင်းနော်တန် အံ့ဩသွားသည်။

"ဟုတ်လား၊ ဒါဆိုရင် ဒီနေရာမှာ လူတွေအများကြီး သေခဲ့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ချွေးတပ်စခန်းဆိုတော့ ဒီလိုဖြစ်တာဘာဆန်းလဲ၊ ဒီနေရာက သိပ်ပူပြီး သိပ်ပင်ပန်းစေတဲ့နေရာလေ၊ ဒီနေရာမှာ ဆရန်ဆဟာရန် မီးရထားလမ်းကြီး ဖောက်ခဲ့တယ်၊ ဒါကြောင့် သည်သဲမြေတွေဟာ မညီညာဘဲ တာရိုးလို ဖြစ်နေတာပေါ့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါဆို အဲဒီအောက်မှာ ဖလီဖားတုံးတွေနဲ့ သံလမ်းတွေ ရှိနေမှာပေါ့"

သူက ခေါင်းညိတ်လိုက်သည်။

သို့သော် သူတို့နှစ်ဦးစလုံးသည် အေးဆေးလှ၏။ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ကြ၏။ ပတ်ဝန်းကျင်တွင် ဘူတာရုံသဖွယ် ဆောက်လုပ်မည့် သံတိုင်များကိုလည်း တွေ့ရ၏။

သူတို့ကား ခရီးသုံးမိုင်မှ သဲကန္တာရထဲ ရောက်လာပြီဟူသော အသိနှင့်အတူ ရေက ဆာလာ၏။ အပေါ်သို့ လှမ်းကြည့်လိုက်ရာ အိုအေစစ်အသွင်သဏ္ဌာန်ရှိသည့် အစိမ်းရောင်တောကလေးကို မြင်ရ၏။

"လူးဝစ်"

"ပြော... မစ္စတာကင်း"

"ငါပဲ မျက်စိကောင်းတာ ဖြစ်မလား မသိဘူး၊ ရှေ့မှာ စွန်ပလွန်တောကို မြင်နေတယ်၊ ဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ထင်တာပဲ"

လူးဝစ်က အေးအေးဆေးဆေး တုံ့ပြန်လိုက်သည်
သို့သော် အခြေအနေက တစ်မျိုးပြောင်းလာပြီဟု သူသိလိုက်
၏။ ဝေ့တိုက်လာသော လေဒဏ်ခံစားရ၏။ လေကမကြမ်း
သော်လည်း လေထဲတွင် သဲမှုန်ကလေးများ ပါလာသည်ကို
သိသည်။

သဲမှုန်တွေ တိုက်လာသဖြင့် မျက်လုံးများ နီရဲလာ
သည်။ ဤသို့ဖြစ်ရသည်မှာ လက်နှင့်ပွတ်တိုက်သောကြော
ဖြစ်၏။ သူတို့က ကပ္ပလီများလို ပါးနှစ်ဖက်တွင် ချ
သည့် အဝတ်စဖြင့် မျက်နှာလုံအောင် မပြုတတ်သေးသေ

အမှန်မှု သဲမုန်တိုင်းလို လေတိုက်ခတ်လာလျှင် မျက်
ကို နှစောင်း၍ခံရ၏။

ယခု သူတို့မြင်ရသည့် အစိမ်းရောင်တောအုပ်သည်
နီးလာပြီ။

✤



www.burmeseclassic.com

www.burmeseclassic.com



(၂)

"ဒါဟာ အိုအေစစ်ပဲ ဖြစ်မယ်"

ကင်းနော်တန်က ဝမ်းသာအားရ ပြောလိုက်သည်။ သူသည် မှန်ပြောင်းကို ထုတ်၍လည်း ကြည့်လိုက်၏။

မြင်ကွင်းထဲ၌ စိမ်းလန်းစိုပြည်သည့် သစ်ပင်များကို တွေ့ရ၏။

"ဟုတ်မယ်ကွ... သွားစို့၊ တို့ အဲဒီနားရောက်ရင် နားလို့ရပြီ"

ရေဘူးကိုထုတ်ကာ မော့သောက်ရင်း ကင်းနော်ပာန် ရှေ့မှ ဦးဆောင်၍ အပြေးသွားသည်။ လူဝစ်ကမူ ပင်ပန်း နွမ်းနယ်နေသည့်ပုံစံဖြင့် အေးဆေးစွာ လိုက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ပူပြင်းသောနေရောင်ခြည်အောက်မှ ထိုနေရာကလေးသို့ အရောက်လာခဲ့၏။ သူတို့အဖို့ ကံကောင်းသည်ဟု ဆိုမည်လား။ ထိုနေရာလေးက အမှန်ပင် အိုအေစစ်ဖြစ်နေသည်။ ခြံဝင်းကျယ်ကြီးတစ်ခုနှင့်တူပြီး ဝင်ပေါက်တစ်ခုသာရှိ၏။

ထိုနေရာတွင် ဒေသခံကလေးများအတွက် စာသင်ကျောင်းတစ်ကျောင်းရှိ၏။ ကလေးများက မြူးကြွနေ၏။

"စာသင်ကျောင်းရှိပြီး ကလေးတွေ တွေ့ရတာ ပျော်စရာပဲ"

"ဒါဟာ အဆိုးထဲက အကောင်းပေါ့၊ ဘယ်နေရာမဆို ပညာရေးက အဓိကကျတယ်လေ"

ထိုနေရာကလေးလား အေမီလန်နီဟု ခေါ်၏။ သည်အိုအေစစ်တွင် တည်းခိုခန်းများလည်းရှိ၏။ ပြီးတော့ တည်းခိုခန်းနှင့် စားသောက်ဆိုင်တွင် ဝီစကီရပြီး သိုးသားအမြည်းလည်းရှိ၏။

"ငါတော့ အေမီလန်နီအိုအေစစ်ကို သိပ်သဘောကျနေပြီ၊ မနက်ဖြန်ကျရင် ဟိုဘက်တောင်ကုန်းမှာ ဓာတ်ပုံရိုက်သွားရအောင်လား"

"ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူတို့က အေးအေးဆေးဆေးပင်။

လှဝစ်သည် သဲကန္တာရတွင်းမှ ဝင်လုဆဲ နေလုံးနီနီ ကြည့်ရင်း ဝီစကီ ဖိမ်ခံသောက်နေသည်။

ကင်းနော်တန်ကမူ ရွှန်းတပ်ပြောင်းရှည် ကင်မရာဖြင့် ညနေခင်းအလှကို ဓာတ်ပုံရိုက်နေ၏။ ကင်းနော်တန်က အမဲ လိုက်ခြင်းနှင့် ဓာတ်ပုံရိုက်ခြင်းကို ဝါသနာကြီးသူဖြစ်၏။

"လှုံးဝစ်"

"ပြောပါ"

"မင်းကော ဓာတ်ပုံရိုက်ဖို့ ဝါသနာမပါဘူးလား"

လှဝစ်က ပြုံးလျက် "အမဲလိုက်ရတာလောက် ဝါသနာ မပါဘူး"ဟု ပြော၏။ သူက ဝီစကီအရက်အရှိန်ကြောင့် မျက်တောင်များ မှေးစင်းနေပြီ။

✤

နံနက်ခင်း။ နေရောင်ခြည်သည် ဖြာလက်ကျနေ၏။

ကင်းနော်တန်နှင့် လှဝစ်သည် မနက်စာအဖြစ် ကော်ဖီ နှင့် ငှက်ပျောသီးစားပြီး ခြံဝင်းအပြင်သို့ ထွက်ခဲ့သည်။ ခြံဝင်း အပြင်သို့ ရောက်လျှင် သဲမုန်တိုင်းကြောင့် ကောက်ကြောင်း ဖြစ်နေသည့် သဲတောင်ကုန်းများကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"လူးဝစ်… မင်း ဟိုတောင်ကုန်းပေါ်တက်ပြီး ရပ်စမ်းပါ"

လူးဝစ်သည် သဲတောင်ကုန်းပေါ်သို့ ပြေးတက်ခါ ရပ်လိုက်၏။ သူသည် ကောင်းဘွိုင်ဦးထုပ်ကို ဆောင်းထားပြီး ခါးထောက်ခါ လျှော့လျှော့ရပ်နေ၏။

သူ့နောက်တွင် သဲသောင်ပြင်ကြီးက တပျံ့တပြေးနှင့်။

ကင်းနော်တန်သည် လူးဝစ်အား ပုံသဏ္ဍာန်အမျိုးမျိုး ဓာတ်ပုံရိုက်ယူ၏။ ပြီးလျှင် "ငါ့ကို တစ်လှည့်ရိုက်ဦး"ဟု ပြော၏။

ကင်းနော်တန်၏ ကင်မရာက ဆလိုက်ကင်မရာမျိုး ဖြစ်သဖြင့် ပုံစံအမျိုးမျိုးဖြင့် ဓာတ်ပုံရိုက်ခဲ့သည်။ ထို့နောက် တည်းခိုခန်းပြန်ကာ ဖလင်လဲ၏။

✤

သဲကန္တာရထဲ၌ ဓာတ်ပုံရိုက်သူရှား၏။ ယခုလို ဓာတ်ပုံရိုက်နေသည်ကို တွေ့လျှင်…

"ဓာတ်ပုံရိုက်လို့ ရမလား"

"ရိုက်ချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ကင်းနော်တန်သည် ဓာတ်ပုံဆရာ မဟုတ်ဘဲ သဲတောင်ကုန်းပေါ်တွင် ဓာတ်ပုံများစွာ ရိုက်ခဲ့သည်။ လှပချောမောသည့် အီတလီသူများ၊ အီဂျစ်မှ လာအလုပ်လုပ်သူများအား ဓာတ်ပုံသွားရိုက်ပေးခဲ့သည်။ လှပချောမောသူများကို ဓာတ်ပုံရိုက်ပေးရသဖြင့် သူ မောရကောင်းမှန်းပင် မသိပေ။

နောက်နေ့ "ကျွန်မတို့ဓာတ်ပုံ ရမလား" ဟုမေးတော့ သူ စိတ်ဆိုး၏။

"ဒီမှာ ဓာတ်ပုံကူးတဲ့ဆေး မရှိဘူး၊ အမေရိကရောက်မှ ကူးရမှာ"

"ဟင်"

အားလုံး စိတ်ပျက်သွားကြသည်။ သူက ဖလင်လိပ်နှစ်လိပ်၊ ပုံ(၆၀) ရိုက်ပြီးပြီ။

ထို့နောက် သူတို့သည် ဆီနီဂေါမှတစ်ဆင့် နယူးယောက်သို့ ပြန်ရန်ဆုံးဖြတ်လိုက်ပြီ။

✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

"ရယ်ဒီဝလူး" ဓာတ်ပုံဆိုင်သည် နယူးယောက်၌ နာမည်ကြီး ဓာတ်ပုံဆိုင်ဖြစ်သည်။ သူ နယူးရောက်သို့ရောက်လျှင် ဓာတ်ပုံကူးရန် လာခဲ့သည်။ ဓာတ်ပုံရွေးသည့်နေ့သို့ ရောက်၍ ဆိုင်သို့ရောက်လျှင် ဆိုင်ရှင်က...

"ခင်ဗျား ဒီပုံတွေကို ဘယ်လိုဆက်စပ်လုပ်ပြီး ရိုက်ခဲ့လဲ"

ဟု မေးသဖြင့် ကင်းနော်တန် အံ့သြရသည်။

"ဘာဖြစ်လို့လဲ၊ ကျွန်တော် ဓာတ်ပုံရိုက်တာ သဲပြင်မှာပဲ"

"ဟုတ်ရဲ့လားဗျာ၊ ခင်ဗျားပုံတွေကို ခင်ဗျားကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာင်"

လူးဝစ်က ရေရွတ်လိုက်သည်။

❖

ထိုကိစ္စသည် ထူးဆန်းသည့်ကိစ္စ ဖြစ်သဖြင့် ကင်းနော်တန်သည် ဟားဘတ်တက္ကသိုလ်တွင် သမိုင်းဌာန ပါမောက္ခ တစ်ဦးအား ဓာတ်ပုံများ ပြခဲ့၏။

ပါမောက္ခက...

"ဒါ ဆယ်ခြောက်ရာစုက အေမီလန်နီနယ်စားကြီးက မြို့စားငယ်ရဲ့ ရဲတိုက်လာပြီး စစ်သည်တွေနဲ့ ဖမ်းတဲ့ ကိစ္စပဲ"

ဟု တည်ငြိမ်စွာ ပြောခဲ့၏။

ထို့ကြောင့် ကင်းနော်တန်သည် သမိုင်းစာအုပ်များထဲမှ စာမျက်နှာများစွာကို လှန်လှောကြည့်ဖြစ်၏။ အဖြစ်အပျက်နှင့် ဓာတ်ပုံ ပုံရိပ်တို့သည် တူညီနေ၏။

မြေပြင်တွင် မမြင်ရသည့် ရဲတိုက်ကြီးနှင့် နယ်စားကြီး၏ စစ်သည်များ မြင်းနှင့် လာတိုက်ပုံ ဖြစ်နေကြောင်းကို သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ပုံရိပ်များသည် အဘယ်ကြောင့် ဓာတ်ပုံထဲ၌ပေါ်နေသနည်း။

သူ စဉ်းစားသည်။ အဖြေမရ။

ကင်းနော်တန် ရင်ထဲ၌ စဉ်းစားမရအောင် ဖြစ်နေ၏။

ဤပုံရိပ်များသည် ပရလောကမှ စိန်ခေါ်သူများ၏ ပုံရိပ်လေလား။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်

Ref: Believe for not ကို ခံစားရေးဖွဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါ ဘာမှမသိ

သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



## (၁)

ညလေပြည်သည် ဝေ့တိုက်နေ၏။

လေသည် အေး၏။

သို့သော် တစ္ဆေ မော်ကမူ ပူလွန်းသည် ထင်၏။ တခြားကြောင့် မဟုတ်ပါ။

တစ္ဆေမော်သည် ညစဉ် ဤသို့ လမ်းတကာလှည့် တတ်၏။ လူစကားနှင့် ပြောရလျှင် တစ္ဆေမော်သည် မဖဲဝါ၏ သရဲယုံတစ်ဦးဟု ပြောရမည်။

စင်စစ်မူ တစ္ဆေမော်သည် မဖဲဝါ၏ ခိုင်းစေချက်အရ နေရာအနှံ့ လျှောက်သွားနေရသူ ဖြစ်၏။

သူ သွားနေရခြင်းသည် ကလေကချေ တစ္ဆေတို့အား ဖမ်းဆီးရန် သချိုင်းရှင်မ မဖဲဝါထံသို့ ပို့ဆောင်ရန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေမော်၏ တာဝန်က ကြီးသလို အတော်ကလေး လည်း ဒုက္ခများ၏။ တစ္ဆေမော်က နေရာတကာ လှည့်ပြီး သွားရ၏။ ကလေကချေ တစ္ဆေသရဲများကို ထိန်းရသည်။

နေရာလုနေသော သရဲတစ္ဆေတွေကို ထိန်းရသည်။ ကိုယ်တိုင်ထိန်းမရလျှင် မဖဲဝါဆီ အပ်ရ၏။

ထို့ကြောင့် တစ္ဆေသရဲလောကသို့ တစ္ဆေမော်ကို ချစ် ကြောက်ရိုသေကြ၏။ တစ္ဆေမော်က မဟုတ်မမှန်တာလည်း မလုပ်။ ဖြေရှင်းသည့် နေရာတွင်လည်း သမာသမတ်ကျ အောင် ဖြေရှင်းခဲ့၏။

သို့သော် တစ္ဆေမော်သည် သူ့အလုပ်နှင့်သူ ပျော် နေသော်လည်း လမ်းများပေါ်သွားလျှင် လူတွေကို ရှောင်ရ၏။

လူ့ငွေ့က ပူသည်။ လူတွေနှင့် တိုက်မိ ခိုက်မိလျှင် လည်း သူ အတော်ခံစားရ၏။ ပြီးတော့ လက်ကမြင်းသည့် ကလေးတွေရဲ့ ရန်ကိုလည်း ရှောင်ရ၏။

တချို့ကလေးတွေက လက်သရမ်းကြ၏။

ဟိုပစ်သည်ပစ် ပစ်သည်ကို ရှောင်ရ၏။ တစ်ခါတစ်ရံ ခဲနှင့်ပစ်သည်ကို ခံရ၏။

ဒုက္ခ… ဒုက္ခ။

✤



www.burmeseclassic.com

www.burmeseclassic.com



(၂)

ဟုတ်သည်။

တစ်ခါကလည်း တရွှေငမော် လမ်းထဲသွားရင်း ခံလိုက်ရသည့် အဖြစ်တစ်ခု ရှိခဲ့သည်။ အခြားမှု မဟုတ်။ ဘယ်က ပစ်လိုက်မှန်း မသိသည့် ခဲတစ်လုံးက တရွှေငမော်ကို မှန်သွားခြင်း ဖြစ်၏။

ကံကောင်းလို့ မျက်လုံးမကန်းသည်ဟု ပြောရမည်။ တရွှေငမော် ပြေးထိုးချင်၏။

သို့သော် ဘာလုပ်လို့ ရမည်နည်း။

ထို့ကြောင့် တရွှေငမော် သည်အလုပ်ကို စွန့်ချင်သည်။ တခြားတရွှေတွေလို နေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုမူ…

တစ္ဆေမော်က မဖဲဝါ ယုံကြည်သူ ဖြစ်သဖြင့် မဖဲဝါ တာဝန်ပေးသည့်အတိုင်း လုပ်နေရသည်။

စင်စစ်မူ တစ္ဆေမော်သည် ပြောသာ ပြောရသော်လည်း သည်အလုပ်အပေါ် ပျော်ရွှင်စွာ ခံစားရသည်လည်း ရှိသည်။

တစ္ဆေမော်သည် ထုံးစံအတိုင်း အလင်းရောင်တွေ ကွယ်ပျောက်သည့် ညအမှောင်ရောက်ပြီ ဆိုသည်နှင့် သချိုင်းမှ အပြင်သို့ ထွက်ခဲ့ရသည်။

လမ်းတကာလှည့်ကာ ပျံကျတစ္ဆေများ ကလေကချေ တစ္ဆေများကို နှိမ်နင်းရန် ထွက်ခဲ့၏။

သို့နှင့် လမ်းတစ်လမ်းသို့ အရောက်တွင် လမ်းထဲ၌ ထူးခြားသည့် အသွင်အပြင်တစ်ခုကို မြင်တွေ့လိုက်ရ၏။

အခြားမူ မဟုတ်။

လမ်းထဲ၌ တစ်စုံတစ်ခုအား ပူဇော်ထားသည့်နှယ် ဖယောင်းတိုင်သုံးတိုင်၊ အမွှေးတိုင်သုံးတိုင် ထွန်းထားသည်ကို တွေ့ရ၏။

လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်ရှိ အိမ်များရှေ့၌ ထွန်းညှိထားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မသိဘူး"

တချွေငမော်သည် စိတ်ဝင်စားသွားသဖြင့် အနားကပ်ကာ ကြည့်မိ၏။

ဖယောင်းတိုင်သုံးတိုင်၊ အမွှေးတိုင်သုံးတိုင် ထွန်းညှိထားရုံမက ထိုဖယောင်းတိုင် အမွှေးတိုင် ထွန်းညှိထားရာ အနီးတွင် စာရွက်တစ်ရွက်နှင့် စာရေးထားသည်ကို တွေ့ရ၏။

စာက...

"ချွေးအသားချို၍

လူအသားခါးသည်"

ဟု ဖြစ်၏။

"ဘာအကြောင်းကြောင့် ဤသို့ ရေးထားသနည်း"

တချွေငမော် သိချင်နေ၏။

သို့တစေ တချွေငမော်က ဘယ်သူ့ကို မေးရမည်နည်း။ ဤကိစ္စက လူတွေကိုမေးမှဖြစ်မည့် ကိစ္စဖြစ်၏။

ခက်သည်ဟု တချွေငမော် ပရလောကသား ဖြစ်သဖြင့် လူတွေနှင့် စကားပြောလို့မရ။

တချွေငမော် စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်၏။ ပြီး ဆက်လျှောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဖယောင်းတိုင်ထွန်းပြီး အမွှေးတိုင်ပူဇော်ရန် ပြင်နေသည့် မိန်းမတစ်ဦးအနားသို့ လူတစ်ဦး ရောက်လာပြီး...

"ဒေါ်သစ်... ဘာဖြစ်လို့ ဒီလိုလုပ်နေတာလဲ"

ဟု မေးလိုက်၏။ ဒေါ်သစ် ဆိုသည့် မိန်းမက "မပြောချင်ပါဘူး လူလှရယ်၊ အိပ်မက်အရ ကလေးတွေကို မဖဲဝါရဲ့ခွေးနက်ကြီးက ကိုက်စားခဲ့လို့ အခုဆို နောက်ပိုင်း ကလေးတွေကို မဖဲဝါရဲ့ခွေးနက်ကြီးတွေ ကိုက်မစားနိုင်အောင်လို့ ခုလို မဖဲဝါကို ပူဇော်ရတာ"ဟု ပြောပြသည်။

ထိုသို့ ပြောပြသည်ကို တဆွေငမော် ကြားလျှင် "မဖြစ်ဘူး၊ ဒီကိစ္စကို အရှင်မ မဖဲဝါကို ပြောပြရမယ်"ဟု စဉ်းစားပြီး မဖဲဝါထံသို့ ပြန်ခဲ့၏။

✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

မဖဲဝါက ခွေးနက်ကြီးနှစ်ကောင် ခြံရုံလျက် သချိုင်းတွင်း၌ ရှိနေ၏။

မဖဲဝါက အချိန်မဟုတ် ပြန်လာသည့် တစ္ဆေငမော်ကို တွေ့လျှင် "ငမော်... အချိန်မဟုတ် အခါမဟုတ် ရေးကြီးသုတ်ပျာနဲ့ ပြန်လာတာ ဘာကိစ္စရှိလို့လဲ"ဟု မေး၏။

သည်အခါ တစ္ဆေငမော်က...

"အရေးကြီးလို့ အရှင်မ မဖဲဝါ"ဟု ပြော၏။

"ဘာ ! အရေးကြီးတာလဲ"

"ဘာအရေးကြီးတယ်ဆိုတာ ပြောရရင် အရှင်မ မဖဲဝါ အရမ်းအံ့သြသွားမယ်"

"ဘာများလဲ ငမော်၊ အမြန်ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရရင် လူ့ပြည်မှာ အရှင်မရဲ့ ခွေးနှစ်ကောင် သောင်းကျန်းလို့ ကလေးတွေ သေရတယ်လို့ ပြော နေကြသလို၊ အခုဆိုရင် ခွေးအန္တရာယ် ကာကွယ်ဖို့ အရှင်မ မဖဲဝါကို တိုင်တည်နေကြပြီ အရှင်မ"

ဟု ပြောလိုက်လျှင် မဖဲဝါ လွန်စွာ အံ့သြသွား၏။

"အို... ဖြစ်ရလေ၊ မဖဲဝါရဲ့အဖော် ခွေးနှစ်ကောင်က ခွေးသရမ်းတွေ မဟုတ်ပါဘူး၊ သူတို့ဟာ မဖဲဝါ မသိ ဘဲ ဘယ်မှမသွားသလို ဘယ်သူ့ကိုမှ ကိုက်ဖြတ်မစား ခဲ့ပါဘူး"ဟု ပြော၏။

"ဒါပေမဲ့..."

"မပြောနဲ့တော့ ငမော်၊ လူတွေဟာ ဒီလိုပဲ၊ အသုံးချ ဖို့ပဲ စဉ်းစားနေတာ၊ အခု ကြည့်ပါလား၊ အသုံးချစရာ မရှိ သချိုင်းသခင်မ မဖဲဝါကိုတောင် အသုံးချနေပြီ၊ လွန်ပါတယ်"ဟု ပြောလိုက်သည်။

မှန်သည်။ သချိုင်းစောင့် မဖဲဝါ ကိုယ်တိုင်လည်း လူတွေရဲ့အသုံးချခံ ဖြစ်နေပြီ။ ဖြစ်နေပြီ။ ဖြစ်နေပြီ။

စာပတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်

✤



www.burmeseclassic.com

www.burmeseclassic.com



# တမလွန်မှ အချစ်ဟောင်း

သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်မ မလိမ်ချင်ပါဘူး။

ကျွန်မ အမှန်ကိုပြောရရင် မောင့်ကို ကျွန်မ အရမ်း ချစ်တယ်။ ကျွန်မ မောင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ - ပြောရရင် ရှင်တို့ ယုံမှာမဟုတ်ဘူး။

ဟုတ်တယ်။

ကျွန်မ မောင့်ကို အရမ်းချစ်တယ်။

ပြောသာ ပြောရတယ်၊ ကျွန်မနဲ့ မောင့်ရဲ့ဘဝက မတူကြဘူး။

ကျွန်မ ဆင်းရဲသလောက် မောင်က ချမ်းသာတယ်။ ကျွန်မက မောင့်အိမ်က အိမ်စေလေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့က မြို့သူမြို့သားတွေ မဟုတ်ဘူး။ တောသူတောသားတွေပါ။ မောင့်အမေ အဖေတွေက တော်သူဌေးမိသားစုလေ။ မောင်နဲ့ ကျွန်မက မပဉ္စာလက်သစ်တွေလေ။

ကျွန်မနဲ့မောင် ချစ်နေတာကို သိတော့ မောင့်မိဘတွေက သဘောမတူကြဘူး။

"ဒီမှာ သား၊ သားချစ်တဲ့ မိန်းကလေးက အဖေတို့ အမေတို့ အဆင့်အတန်းချင်းယှဉ်ရင် မိုးနဲ့မြေပဲ။ ကွာခြားလွန်းတယ်။ ပဉ္စာ့မိဘတွေက ကိုဒါသနဲ့ သဘောမတူသလို အမေတို့လည်း သဘောမတူဘူး"

လို့ ပြောတယ်။

ဒါကြောင့် ကျွန်မက "မောင်ရယ်... မောင့်ဘဝနဲ့ ကျွန်မဘဝဟာ ကွာခြားလွန်းတယ်၊ ကျွန်မကိုချစ်ရင် ကျွန်မဘဝထဲရောက်ရင် မောင်စိတ်ဆင်းရဲရမယ်၊ ဒါကြောင့် ကျွန်မကို မောင် မုန်းလိုက်ပါ"ဟု ပြောခဲ့တယ်။

ဒါပေမဲ့ မောင်က အချစ်ကို တန်ဖိုးထားတယ်။

"ဒါတွေကို မောင် မသိဘူး၊ မောင်သိတာ တစ်ခုပဲ ရှိတယ်၊ အဲဒါ သူဇာ့ကို ချစ်တာပဲ သိတယ်".

လို့ ပြောတယ်။ အဲဒီနောက် မောင်ဟာ သူ့မိဘတွေကို ဆန့်ကျင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ကြီးပေါ်က ကျွန်မရဲ့အိမ်စုတ်ကလေးဆီကို ဆင်းခဲ့တယ်။

ဒီနောက် ကျွန်မနဲ့ မောင်တို့ ဘဝတစ်ခု ထူထောင်ခဲ့တယ်ပေါ့။

✤



www.burmeseclassic.com

www.burmeseclassic.com



(၂)

တကယ်တော့ ဒီအကြောင်းတွေက ပြန်ပြောင်းမပြော ချင်တဲ့ အကြောင်းတွေပါ။

ဘဝအကျိုးပေး မဲကောင်းတဲ့အကြောင်းလို့ ဆိုရမယ်။ ဟုတ်တယ်။ ကျွန်မနဲ့ မောင်ဟာ ဒုက္ခတွေကို ရင်စည်းခံရ ပေမယ့် အချစ်နဲ့တွေ့တော့ ဒုက္ခကို သုခလို့ ထင်ခဲ့တယ်။ အံချစ်မှာ ဒုက္ခမရှိ။

ပျော်ခဲ့ကြတယ်။

ဒါပေမဲ့... အပျော်နဲ့အတူ ကြမ္မာဆိုးတွေပါလာတော့ ဘဝမှာ ရင်နာစရာတွေ ဖြစ်တည်ခဲ့တယ်။

ဟုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် ရင်နာစရာပါပဲ။

ကျွန်မနဲ့မောင် ချစ်မဝခင်မှာ ကြမ္မာဆိုးက တိုးဝင်ခဲ့တယ်။ ရင်နာစရာ ကြေကွဲစရာပါ။

မောင် အသက်လောက်ချစ်တဲ့ ကျွန်မကို ပိုးထိခဲ့တယ်လေ။ နေ့မြင် ညပျောက်ဆိုတာ သိပ်မှန်တယ်။

မနက်က မောင်နဲ့ ကျွန်မ သိပ်ပျော်ခဲ့တယ်။

"သက်"

"ဘာလဲ"

"သက်ကို မောင်သိပ်ချစ်တယ်"

"ကဲ... ဒါကလွဲလို့ ပြောစရာမရှိတော့ဘူးလား"

"ဟင့်အင်း"

"ဘာ..."

"သက်ကို ချစ်တယ်၊ အသက်ထက်ချစ်တယ်"

လို့ မောင် ပြောခဲ့တယ်။ ဟုတ်တယ်၊ မောင်နဲ့ ကျွန်မက သိပ်ချစ်ကြတယ်။ ချစ်သူဘဝက သိပ်ချစ်ကြသလို၊ နှစ်ယောက်တစ်ဘဝ အတူနေကြတော့လည်း ချစ်လို့မဝကြဘူး။

ချစ်ကြတယ်။

သိပ်ချစ်လွန်းလို့ ကျွန်မ ပိုးထိလဲကျသွားတော့ ကျွန်မ မောင့်ကို အရမ်းတမ်းတမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မောင့်ကို မခွဲနိုင်ဘူး။

မောင် ကျွန်မဆီကို အပြေးရောက်လာတယ်။

"သက်... သက်... မောင့်ကို ခွဲသွားပြီလား သက်ရယ်၊ သက် မရှိရင် မောင် ဘယ်လိုနေမလဲ"

လို့ ပြောပြီးငိုတယ်။

ကျွန်မ မြင်နေရပေမယ့် ဘာမှမလုပ်နိုင်ခဲ့ဘူး၊ မောင့်ကို နှစ်သိမ့်ချင်ပေမယ့် မနှစ်သိမ့်နိုင်ခဲ့ဘူးလေ။

ဟုတ်တယ်။

ကျွန်မနဲ့ မောင်က ဘဝခြားခဲ့ပြီ။

"မောင်ရယ်... မောင့်ကို သနားလိုက်တာ"

ကျွန်မ ပြောခဲ့တယ်။ မောင် ကြားမှာ မဟုတ်ပါဘူး။

✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

ကျွန်မနဲ့ မောင်က ဘဝခြားနေခဲ့ပေမယ့် တစ်နေ့မှ မခွဲဘူး၊ ကျွန်မသေပြီး ခုနစ်ရက်လည်တဲ့နေ့ထိ မောင့်နား မှာ နေခွင့်ရှိခဲ့တယ်။

မောင်က ကျွန်မကို မသိခဲ့ပေမယ့် ကျွန်မက သိနေ တယ်။ ဒီလိုနေရတာကို ပျော်တယ်။

ခက်တာက ခုနစ်ရက်လည်ပြီးတဲ့နောက် မောင့်ကို ကြည့်မရတော့ဘူး၊ ကြည့်မနေနိုင်တော့ဘူး။ ဟုတ်တယ်။

ကျွန်မကို အိမ်စောင့်နတ်က လက်မခံတော့ဘူးလေ။ ဒါကြောင့် ကျွန်မ ငိုခဲ့ရတယ်။ ဒါကို မောင် သိမှာမဟုတ် ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မှာ မောင်နဲ့ကျွန်မ ဘဝခြားခဲ့ပြီဆိုတာ သိရသလို လူ့ဘဝထဲကို အမြန်ပြန်ရောက်ဖို့ စိတ်သန်နေခဲ့တယ်။

ဒါကြောင့် မကြာခဏ အမေ့ကို အိပ်မက်ပေးခဲ့တယ်။

"အမေရယ်... သမီးအတွက် အလှူလုပ်ပါ၊ အမျှပေးပါ၊ သမီး သာဓုခေါ်ချင်လို့ပါ"

လို့ မကြာခဏ ပူဆာခဲ့တယ်။ ခက်တာက အမေက ဆင်းရဲတယ်လေ။ ဒါကြောင့် အမေဟာ အလှူမလုပ်နိုင်ဘူး။

ကျွန်မကို ရည်စူးပြီး ပေတဒါန ပြုမပေးနိုင်ဘူး။

ကျွန်မကို ရည်စူးပြီး ပေတဒါနပြုမပေးနိုင်ဘူး။

ဒါကြောင့် ကျွန်မ သာဓုခေါ်နိုင်ဖို့ အမျှပေးဝေခဲ့ပေမယ့် ကျွန်မ မရခဲ့ဘူး။

မရခဲ့ဘူး။

✤

ကျွန်မတို့ ပရလောကမှာလည်း ပရလောကစည်းကမ်း တွေရှိတယ်။

ပရလောက ရောက်သူတွေဟာ သချိုင်းသခင်မ မဲ့ဒါ ရဲ့ စေညွှန်းချက်အတိုင်း နေရတယ်။

ပိုးရာဇာစာအုပ်,

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဟိုးအဝေးတစ်နေရာကို သွားခဲ့ရတယ်။

ဒီလိုနဲ့ ကျွန်မ အဝေးနေရာမှာ ဘယ်လောက်ကြာကြာ နေခဲ့ရတယ် မသိဘူး။

ကျွန်မ မူလနေရာ ပြန်ရောက်တော့ အပြောင်းအလဲ တွေ ရှိနေပြီ။ ကျွန်မအတွက် နေရာကောင်း ဆိုပေမယ့် နေရာသစ် ဖြစ်နေပြီ။

အားလုံးဟာ အထူး[illegible]ဆန်းလို ဖြစ်နေတယ်။

ကျွန်မ မူလနေခဲ့တဲ့ ကုက္ကိုပင်ကြီးနားကို ပြန်ရောက် ခဲ့သလို၊ အမေနဲ့တွေ့ဖို့၊ အိပ်မက်ပေးဖို့၊ သာဓုခေါ်ခွင့်ရအောင် လုပ်ပေးဖို့ ပြောဖို့ အကြံထုတ်နေမိတယ်။

အဲဒီအချိန်မှာ ကျွန်မ မောင့်ကိုတွေ့လိုက်ရတယ်။

မောင်ဟာ ထူးခြားနေတယ်။

"မောင်" လို့ ခေါ်လိုက်တော့ လှည့်ကြည့်ပြီး "ဟင်... မင်း... မင်း... သက်... သက် မဟုတ်လား"လို့ မေးတယ်။

"ဟုတ်တယ်လေ၊ မောင့်ရဲ့သက်လေ"

ဟု ပြောပြီး မောင့်ဆီ ပြေးသွားပြီး မောင့်ရင်ခွင်မှာ ခိုဝင်လိုက်တယ်။

သူကလည်း ကျွန်မကို ထွေးဖက်လိုက်တယ်။

"မောင်ရယ်... ဝမ်းသာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်လည်း ဝမ်းသာတာပါပဲ သက်ရယ်၊ ခု သက်နဲ့ မောင် မဝေးတော့ဘူးနော်၊ မောင် သက်နဲ့ မခွဲချင်ဘူး"

"စိတ်ချပါ မောင်၊ သက်လည်း သက်နဲ့မခွဲတော့ပါဘူး၊ မောင့်ကို သက်ချစ်တယ်"

ကျွန်မ မောင့်ရင်ခွင်ကို ခိုဝင်လိုက်စဉ် အသံတစ်သံ ကြားရသည်။

"သမီးရေ... သက်သက်၊ သမီးအတွက် မေမေ ပေတဒါနပြုနေပြီ၊ သက် ရောက်ရာက သာစုခေါ်ပါ၊ အမေ အမျှပေးဝေပါတယ်၊ အမျှ... အမျှ... အမျှ... ယူပါ"

သမီး သာခုခေါ်နိုင်ဖို့ အမျှပေးဝေသံ ကြားရတယ်။ ကျွန်မ မပျော်နိုင်ခဲ့ဘူး။

နားစည်ကို ပိတ်လိုက်တယ်။

နားကို လက်နဲ့တင်းတင်းပိတ်ပြီး...

သမီးအတွက် အမျှမပေးနဲ့တော့ အမေ၊ သမီး သာခု မခေါ်ချင်ဘူး၊ သမီးချစ်နဲ့ ပြန်နီးချင်လို့ အမေ့ကို သမီးအတွက် အမျှပေးခိုင်းတာ၊ ခု မလိုတော့ဘူး မောင်နဲ့ မဝေးချင်ဘူး၊ သာခုမခေါ်ချင်ဘူး၊ သာခု မခေါ်ပါရစေနဲ့ အမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

မှန်သည်။ မကျွတ်မလွတ် တစ္ဆေမက ချစ်သူနဲ့မဝေး ချင်ပါ၊ သာစုမခေါ်ချင်တော့ပါပြီ။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်

✤



www.burmeseclassic.com

www.burmeseclassic.com



အိုဘယ့်...

မဖဲဝါ

သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်တော်သည် တစ္ဆေသုတေသနကို ကာလရှည်ကြာ လုပ်ခဲ့သည်။ ထိုတိုသော တစ္ဆေသုတေသနကို ကာလရှည် ကြာလုပ်ရင်း လူပေါင်းများစွာကို တွေ့ခဲ့ရသလို နေရာပေါင်း များစွာကို ရောက်ခဲ့သည်။

ယင်းသို့ တစ္ဆေအကြောင်းကို အသေအချာ လေ့လာ သည့်အခါ သရဲတစ္ဆေလောက၏ ဆန်းကြယ်မှုများကို သိခဲ့ ရ၏။

မှန်သည်။ တစ္ဆေသရဲ လောကသည် ဆန်းကြယ်လှ ပါ၏။ လျှို့ဝှက်နက်နဲသည်ဟု ဆိုရမည်။

ဒီကနေ့ မိမိကိုယ်မိမိ ခေတ်မီသူအဖြစ် အထင်ရောက် နေသူများက သရဲတစ္ဆေဟူသည် မရှိဟု ဆိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သရဲကို မယုံ၊ ကြောက်စရာမလိုဟု ပြောကြ၏။

စင်စစ် သရဲတစ္ဆေကို မယုံဟု လက်ခံစရာ မရှိသော်လည်း မကြောက်ဟု ဆိုသည်ကိုမူ လက်ခံရမည်။ အဘယ်ကြောင့်ဆိုသော်သရဲတစ္ဆေဟူသည်မှာ သနားစရာသတ္တဝါများဖြစ်နေသောကြောင့် ဖြစ်၏။

ထို့အတူ အနောက်နိုင်ငံသားများသည်ပင် သရဲတစ္ဆေကို ယုံကြည်ကြ၏။ "တစ္ဆေသုတေသနအသင်းများ" ရှိခဲ့၏။ "ဘက်မင်တန်နန်းတော်မှ တစ္ဆေများ"၊ "ဒိုင်ယာနာ၏မကျွတ်မလွတ်ဘဝ" စသည်တို့သည် တစ္ဆေသုတေသနမှ ပေါ်ပေါက်လာခြင်းများဖြစ်သည်။

သို့ပါလျက် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် အဘယ်ကြောင့် တစ္ဆေကို မယုံကြည်ဟု ပြောနေကြသနည်း။

ဗုဒ္ဓဘာသာတွင် "၃၁" ဘုံဝါဒ ရှိသည်။ အပါယ်လေးဘုံရှိသည်။ အပါယ်လေးဘုံမှ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်မှ ပါဝင်သည်ဟု ယုံလျက် "ပြိတ္တာ" သည် ယနေ့လူအများ ပါးစပ်ဖျားမှ ရေပန်းစားနေသည့် သရဲတစ္ဆေ၊ မှင်စာကျွတ် စသည်တို့သည် ပြိတ္တာမျိုးနွယ်ဝင်များ၊ ပြိတ္တာများများ ဖြစ်သည်။

နားလည်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာဗုဒ္ဓဘာသာဝင်များသည် မိမိကိုယ်မိမိ ဗုဒ္ဓဘာသာဟု ခံယူပြီး ကံ၊ ကံ၏အကျိုး၊ ၃၁-ဘုံနှင့် အပါယ်လေးဘုံ တို့ ယုံကြည်ပြီး သရဲမယုံဟု ပြောလျှင် မည်သို့ မှန်မည်နည်း။

✤



www.burmeseclassic.com

www.burmeseclassic.com



(၂)

မှန်တော့ မှန်သည်။ သရဲ တစ္ဆေများနှင့် ပရလောက အကြောင်း ပြောနေကြသူတို့သည် လူ့လောကအကြောင်းကို ပင် ကောင်းကောင်း မသိကြပါ။

စင်စစ် ပရလောကသားများထဲ၌ အဆင့်နိမ့်နတ်များ ပါဝင်သည်ကို မသိကြပါ။

မှန်သည်။ နတ်လောက၌လည်း အဆင့်မြင့်နတ်နှင့် အဆင့်နိမ့်နတ်ဟု ရှိသည်။ အစိမ်းသေ သေ၍ နတ်ဖြစ်ရ သည့် နတ်များသည် အဆင့်မြင့်နတ် မဟုတ်။ အဆင့်နိမ့် နတ်များ ဖြစ်သည်။ ထိုနတ်များသည် ပရလောကသားများ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာနွယ်ဝင် နတ်များဟု ဆိုရမည်။ ထိုနတ်များသည် ပြိတ္တာနွယ်ဝင်များ ဖြစ်သဖြင့် သူတို့သည် သရဲတစ္ဆေများပင် ဖြစ်၏။

သို့သော် သူတို့သည် သာမန်သရဲများထက် သာလွန်ချက်က သူတို့တွင် တန်ခိုးဣဒ္ဓိပါဒ် ရှိကြခြင်းဖြစ်၏။ ဒါကို သိထားရမည်။

✤

ကျွန်တော်သည် သရဲတစ္ဆေများ ရေးသားရင်း သရဲတစ္ဆေအကြောင်း လေ့လာခဲ့ရာ၊ ရှင်သလိုလိုနှင့် ရှုပ်နေသည့် အဖြစ်တစ်ခုကို တွေ့ရသည်။

ထိုအဖြစ်က "မဖဲဝါ"နှင့် ပတ်သက်၍ ဖြစ်သည်။ မဖဲဝါသည် ထဘီရင်လျား၊ ဆံပင်ဖျားလျားချထားသည်။ သူနှင့်အတူ ခွေးနက်ကြီးနှစ်ကောင် ရှိနေသည်။

သို့စေကာမူ မဖဲဝါသည် သရဲတစ္ဆေလောကဘ၌ ထင်ရှားသလို ဂုဏ်ပုဒ်ရှိသည်။

"သချိုင်းရှင်မ မဖဲဝါ၊ သချိုင်းတရာ မဖဲဝါ"ဟု ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် မဖဲဝါသည် သာမန်သရဲ မဟုတ်ဟု ဆိုရမည်။

မဖဲဝါ၏ သမိုင်းကို လေ့လာလျှင် မဖဲဝါ၏ အစ်ကို ဖြစ်သူနှင့် မဖဲဝါသည် သာမန်အရပ်သူ အရပ်သားများမဟုတ်။

နန်းတွင်းသူ နန်းတွင်းသားများ ဖြစ်သည်။

သာလွန်မင်းတရားသားတော်၏ ပုန်ကန်မှုတွင် ပါဝင်ခဲ့သဖြင့် မအောင်မြင်သော ပုန်ကန်မှုကြောင့် ရှောင်ထွက်ခဲ့ရသူဖြစ်၏။

အင်းရဲကြီးအင်း၌ အင်းသူကြီးအဖြစ် အရပ်သူ အရပ်သားအဖြစ် နေခဲ့ရ၏။ ထိုအရပ်၌ မဖဲဝါတို့မောင်နှမသည် "မောင်စံမှတ်၊ မဖဲဝါ"တွင်ခဲ့၏။

မောင်စံမှတ်သည် တပွဲစားအဖြစ် နာမည်ကြီးခဲ့၏။ ရွှေတိဂုံ မမြင်ခဲ့ရသူ၊ နောက်ဆုံး တပွဲစားအဖြစ် ရပ်တည်ခဲ့ပြီး တောလည်ရင်း ညီမကို မဖဲဝါအား သားကောင်နှင့်မှား၍ သတ်ခဲ့သည်။

မောင်စံမှတ်က အင်းရေပြင်တွင် ဘဝဆုံးခဲ့သူ။

မဖဲဝါသည် မကျွတ်မလွတ်ဘဝ ဖြစ်နေစဉ် နေစရာမဲ့နေသဖြင့် ဘားမဲ့ဆရာတော်မှ သချိုင်းကို အပိုင်စားပေးရာမှ မဖဲဝါသည် သင်္ချိုင်းသခင်မ ဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လူ့ရပ် လူ့ရွာ၊ လူ့ဌာနေ၌ သေဆုံး နတ်ဖြစ်သူများအား အပိုင်စားပေးရာ နေရာသည် လူ့ရပ် လူ့ရွာဖြစ်သဖြင့် လူတို့ ပသပူဇော်ခံရပြီး ထင်ရှားခဲ့၏။

မဖဲဝါ အပိုင်စားရသည်မှာ သင်္ချိုင်းဖြစ်သဖြင့် မဖဲဝါအား မည်သူတွေက ပူဇော်ပသမည်နည်း။ သရဲတစ္ဆေတွေသာ ပူဇော်ပသကြမည်ပင်။

သို့ဖြင့် မဖဲဝါသည် သရဲတစ္ဆေတို့၏ အရှင်သခင်မ ဖြစ်နေသလား။

သို့ကြောင့် သရဲမကြီးဟု ထင်ကြလေသလား။

စင်စစ် မဖဲဝါသည်......။

✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

ကျွန်တော်သည် တမ္ဗွေသုတေသနအတွက် ခရီးလှည့်ရင်း အညာကျေးလက်သို့ ရောက်ခဲ့၏။

ကျွန်တော် တည်းခိုသည့်အိမ်မှ အိမ်ရှင် ကိုသီတာက "စာရေးဆရာက သရဲတမ္ဗွေသုတေသနသမား ဆိုတော့ ဒီကို ရောက်တုန်းရောက်ခိုက် မဖဲဝါကို တွေ့သွားပေါ့"ဟု ပြော၏။

သူ့စကားကြောင့် ကျွန်တော် အံ့သြရ၏။

"အို... နေပါဦး၊ ကျွန်တော်က ဘယ်လို မဖဲဝါကို တွေ့ရမလဲ"

ဟု မေးလျှင် ကိုသီတာက "စာရေးဆရာ ကျွန်တော်နဲ့ လိုက်ခဲ့လေ"ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကိုသီတာနှင့် လိုက်ခဲ့၏။ သို့ဖြင့် ရွာနောက်ပိုင်းရှိ အိမ်တစ်အိမ်မှ နတ်ပွဲဆီသို့ ရောက်ခဲ့၏။

"ဟင်... မဖဲဝါကို တွေ့ဖို့ဆိုပြီး ဘာလို့ နတ်ပွဲရောက်ခဲ့တာလဲ"

ကျွန်တော် မေးလျှင် ကိုသီတာ ပြုံးပြီး...

"နတ်ပွဲမှာ မဖဲဝါ ရှိလို့ပဲ၊ ဒီနေ့ နတ်ပွဲနောက်ဆုံးနေ့လေ၊ ဆရာ မဖဲဝါကို မလွဲမသွေ တွေ့ရမယ်"

ဟု ပြောပြီး စောင့်နေခဲ့၏။ မကြာပါ...

"ဟော... ဟော... မဖဲဝါ လာတော့မယ်"

ဟု ကိုသီတာက ပြော၏။ ကျွန်တော် ကြည့်လိုက်၏။

နတ်ပွဲတွင်းသို့ ဟသင်္ဃာနှင့် အရိုးများ ရောနယ်ထားသည့် လင်ပန်းတစ်ချပ်ကိုင်ကာ နတ်ပွဲတစ်နေရာသို့ ယူသွားသည်ကို တွေ့ရသလို ဒါန်မှာသွားကျိုင်းသည့် လူကြီးနှစ်ဦးကလည်း ဟုဝင်၊ မားတို့နှင့် အသင့်ရှိနေ၏။

ထိုစဉ် ကန္တားစီးနတ်ကတော်က...

"တိုင်းကျော် ပြည်ကျော်... သချိုင်းကတော် အရှင်မ မဖဲဝါ... အို... မဖဲဝါ အရှင်မ... ဒီက ဖိတ်ခေါ်ပါတယ်၊ ကြွပါ လာပါ အရှင်မ"

ဟု အော်ဟစ် ပင့်ဖိတ်သံ ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ခွေးဟောင်သံများ ကြားရ၏။ ဘယ်က ဘယ်က ရောက်လာမှန်းမသိသည့် ခွေးများ ရောက်လာပြီး ဟောင်နေကြသလို ဆံပင်ဖားလျား၊ ထဘီရင်လျားနှင့် မိန်းမတစ်ဦး နတ်ပွဲတွင်း ခုန်ဝင်လာသည်ကို တွေ့ရ၏။

"သချိုင်းရှင်မ... အရှင်မ မဖဲဝါ"

သို့သော် ထိုဆံပင်ဖားလျား၊ ထဘီရင်လျားနှင့် မိန်းမက ဘာမျှမပြော။ မျက်လုံးပြူးနှင့် ဟိုသည် ကျိုးကြည့်ကြောင်ကြည့် ကြည့်ပြီး ထိုအရိုးများနှင့် နယ်ထားသည့် လင်ပန်းတွင်းမှ ထမင်းများကို ပလုပ်ပလောင်း စားလေတော့၏။

ခွေးဟောင်သံတို့ကလည်း ဆူညံနေဆဲ။ သို့သော် ခွေးများသည် နတ်ကန္နားစည်းဝိုင်းတွင်းသို့ မဝင်ရဲကြ။

ကျွန်တော်က ထိုမြင်ကွင်းကို ကြည့်ရင်း...

"ဒါက ဘယ်လိုသဘောလဲ ကိုသီတာ၊ လူကလည်း တုတ်၊ ဓားနဲ့ စောင့်နေတယ်၊ ခွေးတွေကလည်း ဝိုင်းဟောင်နေတယ်၊ ဒါက ဘာသဘောလဲ"

မေးသဖြင့် ကိုသီတာက...

"ဒီကန္နားပွဲကို မဖဲဝါ ရောက်လာသလို သူ့ရဲ့ခွေးနက်ကြီးနှစ်ကောင်လည်း ပါတယ်လေ၊ ခွေးတွေဟောင်တာ ခွေးနက်ကြီးတွေ တွေ့လို့ ဟောင်နေတာ၊ ဒီခွေး



www.burmeseclassic.com

www.burmeseclassic.com



နက်ကြီးတွေလည်း သူတို့သခင် မဖဲဝါနဲ့အတူ စားရင်စားနေမှာ၊ လူတွေ တုတ်၊ ဓားနဲ့ စောင့်နေတာက ပြင်ပကခွေးတွေ စည်းဝိုင်းထဲ ဝင်မလာအောင် ဟန့်တားဖို့ပဲ”

ဟု ရှင်းပြသည်။

ကျွန်တော် နတ်ကန္နားပွဲမြင်ကွင်းကိုကြည့်ရင်း သက်ပြင်းချလိုက်၏။

ကျွန်တော် ဇဝေဇဝါ ဖြစ်နေသည်က မဖဲဝါသည် လူတွေထင်ထားသလို သရဲမလား၊ အဆင့်နိမ့်နတ်လား။

ကျွန်တော်တို့အသေအချာ သုတေသန ပြုရဦးမည်။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်

✤



www.burmeseclassic.com

www.burmeseclassic.com



# ရဟန်း
# နှင့်
# တစ္ဆေအကြောင်း

သုတေသီသင်္ဂ ဘွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



(၇)

တစ္ဆေအကြောင်းကို လေလာသုတေသနပြုသည့်အခါ တစ္ဆေတို့အကြောင်းကို သိရသည်။

တစ္ဆေဟူသည်မှာ ခေတ်ကာလ အခြေအနေအရ ယခု အခါတွင် အပြောင်းအလဲ ရှိခဲ့သော်လည်း တစ္ဆေသရဲတို့သည် ပြိတ္တာအနွယ်ဝင်များဟု သိရသည်။

သို့သော် ယနေ့ခေတ် လူအများသည် တစ္ဆေသရဲနှင့် ပြိတ္တာအား ကွဲပြားခြားနားနေသည်ဟု ထင်ကြသည်။

စင်စစ် တစ္ဆေသရဲဟူသည့် ပြိတ္တာတို့သည် ယခုမှပေါ ခဲ့သည် မဟုတ်ပါ။

ဘုရားရှင်လက်ထက်တော် အခါကတည်းက ရှိခဲ့သည် ဟု ဆိုရမည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။

ဂေါတမဘုရားရှင် လက်ထက်တော်အခါက ရဟန်းနှင့်တစ္ဆေ တွေ့ခဲ့ပြီး "အာပတ်"နှင့် ပတ်သက်၍ ချမှတ်ခဲ့သည့် သာဓကရှိကြောင်း တွေ့ရ၏။

ယင်းအဖြစ်ကား . . .။

✤



www.burmeseclassic.com

www.burmeseclassic.com



(၂)

ဂေါတမဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလက ရဟန်းတို့အား သုသာန်တစ်စပြင် မည်သည့်သင်္ချိုင်းမှ လူသေကောင်တို့တွင်ရှိပြီး စွန့်ပစ်သည့် အဝတ်အစားတို့အား တွဲချည်ကာ သင်္ကန်းအဖြစ် ဆေးဆိုးဝတ်ဆင်ခြင်း ပြုလုပ်လေ့ရှိကြ၏။

တစ်ခါသော် မထင်မရှား ရဟန်းတစ်ပါးသည် သုသာန်တစ သင်္ချိုင်းဝသို့သွားကာ ပံ့သကူသင်္ကန်း ကောက်ယူခဲ့၏။

သည်အခါ လူသေကောင်နှင့် စောင့်သောပြိတ္တာမည်သည့် သင်္ချိုင်းတစ္ဆေသည် ရုတ်ချည်းထ၍...

"အရှင်ဘုရား၊ ကျွန်ုပ်၏ပုဆိုးကို မယူပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု တောင်းပန်လေ၏။ ကန့်ကွက်စကား ဆိုလေ၏။ ယင်းသို့ လူသေကောင်နှင့် စောင့်သော သချိုင်းတစ္ဆေအား...

"အို... ဒါက ပုံသကူ စွန့်ပစ်ပစ္စည်း ဖြစ်သဖြင့် ယူသည်"

ဟု တုံ့ပြန်လိုက်၏။ လူသေကောင်နှင့် စောင့်သော သချိုင်းတစ္ဆေက "မယူနဲ့၊ မယူနဲ့၊ ကျွန်ုပ်ရဲ့ပစ္စည်းကို မယူနဲ့"ဟု ကန့်ကွက်၏။

ရဟန်းသည် ဂရုမစိုက်ခဲ့။

သချိုင်းတွင်းမှ ပုံသကူပစ္စည်းဟု ခံယူပြီး ယူဆောင်ကာ ကျောင်းသို့ ပြန်ခဲ့လေ၏။

ယင်းသို့ ရဟန်းက ပြန်ခဲ့သလို လူသေကောင်နှင့် စောင့်သော သချိုင်းတစ္ဆေသည်လည်း ရဟန်းနောက်သို့ တကောက်ကောက် လိုက်ခဲ့၏။

ဤသို့ဖြင့် ကျောင်းပေါက်ဝသို့ ရောက်ခဲ့၏။

ရဟန်းက ကျောင်းပေါက်ဝမှ ကျောင်းတွင်းသို့ ဝင်ခဲ့၏။

လူသေကောင်ကို စောင့်ခဲ့သည့် သချိုင်းတစ္ဆေကား ကျောင်းတွင်းသို့ ဝင်မလိုက်နိုင်ခဲ့ပေ။

ကျောင်းပေါက်ဝ၌ တုံးလုံးလဲလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ လူသေကောင်စွဲခဲ့သည့် သချိုင်းတစ္ဆေတုံးလုံး လဲကျသွားသည်ကို ရဟန်းမြင်သော် လွန်စွာထိတ်လန့်သွား ခဲ့၏။

"အို... ဒုက္ခပဲ၊ ငါတော့ ပါရာဇိက အာပတ်သင့်ပြီ"

ဟု တွေးပြီး တုန်လှုပ်သွားရ၏။

ထို့ကြောင့် ချက်ချင်းပင် ရဟန်းသည် ဘုရားရှင်၏ ခြေအစုံ၌ ခိုလှုံပြီး... "အရှင်ဘုရား၊ တပည့်တော် အာပတ် သင့်ပြီလား ဘုရား"ဟု လျှောက်ထားလေ၏။

သည်အခါ ဘုရားရှင်က ရဟန်းအား ကရုဏာနှင့် ကြည့်ပြီး...

"ချစ်သား... ဤအမှုကြောင့် ပါရာဇိအာပတ် မသင့် ပြီ"

ဟု မိန့်ကြားခဲ့လေသည်။

✤



www.burmeseclassic.com

www.burmeseclassic.com



(၃)

စင်စစ် "ပါရာဇိကအာပတ်"မှာ သတ်၊ ခိုး၊ လိမ်ညာ၊ မေထုံမှီဝဲလျှင် ရဟန်းတို့ ကျအပ်သည့် အာပတ်မျိုးဖြစ်၏။

ယင်းကဲ့သို့ပင် ဘုရားရှင်က...

"ချစ်သားရဟန်း၊ သူ့အသက်ကိုသတ်လျှင်။ သူတစ်ပါးပစ္စည်းခိုးလျှင်၊ ဈာန်မဂ်မရဘဲ ရသည်ဟု လိမ်ညာလျှင်၊ မိန်းမတို့နှင့် မေထုံမှုပြုလျှင် ရဟန်းသင်္ကန်းပင် ဝတ်ထားသော်လည်း ရဟန်းမမည်တော့။ ထို့ကြောင့် ရဟန်းတို့အတွက် ပါရာဇိတအာပတ်သည် ကြောက်စရာ အကောင်းဆုံး ဖြစ်ပေတယ်"

ဟု မိန့်ကြားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့နှယ်ပင် ထိုအချိန်မှစ၍ မြတ်စွာဘုရားရှင်သည် သုသာန်သချိုင်းမှ ပံ့သကူကောက်သည့် ရဟန်းတို့အား ပံ့သကူကောက်ရာတွင် သူကောင် အစိမ်းသက်သက်ထံမှ ပံ့သကူ မကောက်ရ၊ ကောက်ယူခဲ့သော် "ဒုက္ကဋ်အာပတ်သင့်စေ" ဟု မိန့်ကြားတော်မူခဲ့၏။

ထိုအကြောင်းနှင့် ပတ်သက်၍ "ဝိနည်းငါးကျမ်းဝင် ပါရာဇိကကဲပါဠိတော်၊ အဒိန္နာဒါန် ဒုတိယပါရာဇိကပိုင်း အား ဖတ်ရှုလေ့လာလျှင် တွေ့နိုင်မည် ဖြစ်ပေသည်။

✤

တစ္ဆေနှင့် ပတ်သက်၍ "မိလိန္ဒအမေးအဖြေကျမ်း" ၌...

မိလိန္ဒမင်း။ ။ အရှင်ဘုရား၊ ဘီလူးတစ္ဆေ ဆိုတာ ရှိပါသလား။

အရှင်နာဂသိန်မထေရ်။ ။ မင်းကြီး လောကမှာ ဘီလူး တစ္ဆေဆိုတာ ရှိတယ်။

မိလိန္ဒမင်း။ ။ အဲဒီ ဘီလူးတစ္ဆေတွေဟာ ဘီလူး တစ္ဆေမျိုးကနေ စုတေပြီး သေကြသလား။



www.burmeseclassic.com

www.burmeseclassic.com



အရှင်နာဂသိန်မထေရ်။ ။ မင်းကြီး… ဘီလူးတွေ၊ တစ္ဆေတွေဟာ သေကြကြတယ်။

မိလိန္ဒမင်း။ ။ အရှင်ဘုရား ဘာကြောင့် ဘီလူး တစ္ဆေတွေ သေကြရင် အသေကောင် မမြင်ရ၊ အပုပ်နံ့မရ ဖြစ်ရသနည်း။

အရှင်နာဂသိန်မထေရ်။ ။ မြတ်သောမင်းကြီး၊ သေ လွန်စုတေတဲ့ ဘီလူး တစ္ဆေတွေရဲ့ အပုပ်နံ့တွေ လှိုင်နေခဲ့ တယ်၊ ဒါပေမဲ့ သေသွားတဲ့ ဘီလူးတစ္ဆေတွေရဲ့ ပုံသဏ္ဌာန် ကတော့ ရှိစဉ်ကအတိုင်း မထင်ပေါ်ခဲ့ဘူး၊ ပိုးပေါက်ပတ် အသွင်မျိုးသား မြင်ရတယ်။ ကင်းမြီးကောက်သဏ္ဌာန်၊ ငှက် သဏ္ဌာန်လည်း ထင်တတ်သကွယ့်။

ဟု မိန့်ကြားခဲ့လေ၏။

✤

ယင်းကဲ့သို့ပင် တစ္ဆေကို သေလွန်သည့်အခါ သတ္တဝါ တို့၏ အသွင်အမျိုးမျိုး ထင်တတ်ကြောင်းအား မြန်မာသူ ကောင်းတို့ရေးသည့် "တိတ်နေ့"ကျမ်းများ၌ ဖော်ပြထားသည် ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ တစ္ဆေတို့ သေကြသကဲ့သို့ပင် ဘူးဆိုး ရှုရှ ဆိုးနတ်တို့ စုဝေသေဆုံးလျှင် ကြွက်၊ ပုတ်သင်၊ ဖား၊ မြွေ မိကျောင်း၊ လင်းပိုင်၊ သမင်၊ စိုင်၊ ဆတ်၊ ယုန်၊ ဖျံ မျိုးစုံ ဖန်ဆင်း၍ သေကြသည်ဟု ဖော်ပြထားသည်ကိုလည်း တွေ့ ရ၏။

တစ်ခါက လူတစ်ဦးသည် တစ္ဆေနှင့် ထိုးသတ်ခဲ့ ကြောင်း ဖတ်ရှုမှတ်သားရ၏။

လူက လူကြမ်းဖြစ်သဖြင့် တစ္ဆေသည် လူကိုမနိုင်ခဲ့။ နောက်ဆုံး တစ္ဆေက ထွက်ပြေးသလို လူက အတင်းလိုက် တယ်။

သစ်ပင်ပေါ် တက်ပြေးတော့လည်း လူက လိုက်သဖြင့် တစ္ဆေ ဆင်းပြေးရသည်။

မြေပြင်သို့ ရောက်ပြန်တော့လည်း နောက်က ထက် ကြပ်မကွာ လိုက်နေသဖြင့် တစ္ဆေ ဘာလုပ်လို့ ဘာကိုင်ရ မှန်းမသိ ဖြစ်သွားသည်။

နောက်ဆုံး ဒီတိုင်းပြေးလို့ မလွတ်နိုင်မှန်းသိတော့ တစ္ဆေက မြေကျင်းထဲ ဝင်ပြေးခဲ့သည်။ သည်အခါ လူက အလွတ်မပေးခဲ့။ မြေကျင်းထဲသို့ ဆူးနှင့်ထိုးသည်။

တစ္ဆေသည် ရှောင်မလွတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ တစ္ဆေ မြေကျင်းထဲမှာ သေခဲ့သည်။ လူက မြေကျင်းကို တူးကြည့်ရာ "ပုတ်သင်ကောင်" တစ်ကောင် သေဆုံးနေသည်ကို တွေ့ရသည်။

ထို့ကြောင့် ရှေးသူဟောင်းတို့က တစ္ဆေသေလျှင် အကောင်ငယ်ဖြစ်ကာ ကိုယ်ကြွင်းကျန်ခဲ့သည်ဟု ဆိုလေ့ရှိခဲ့လေသည်။

စာဖတ်သူများ၏
သုတေသီသက်ထွန်းမြင့်

✤



www.burmeseclassic.com

www.burmeseclassic.com



# လူ၊ သရဲတစ္ဆေ
# နှင့်
# သေခြင်းတရား

သုတေသီသက်ထွန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်တော်သည် ပရလောက သုတေသနသမားပီပီ သုတေသန ပြုခဲ့သည်။ သည်အခါ တစ္ဆေ သရဲ ဘယ်လို ဖြစ်ခဲ့သည် ဆိုဖြစ်၏။

စင်စစ် သရဲတစ္ဆေဟူသည် လူတွေ၏ သေလွန်ပြီးသည့် နောက် ဖြစ်တည်လာသည်ဟု သိရ၏။

အမှန်စင်စစ်မှ လူတို့သည် လူ့ဘဝမှ ပြောင်းရွှေ့သွား သော သူ၏လိပ်ပြာတစ္ဆေသည် လူသေကောင်၌ ရှိနေသည်ဟူ၍လည်းကောင်း၊ သေဆုံးသူ၏အိမ်တွင် ခုနစ်ရက်တိုင်တိုင် နေထိုင်ရသည်ဟူ၍လည်းကောင်း ယူဆယုံကြည်စွာ ပြောဆို လည်းရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

ထိုအယူအဆများမှာ အခြေအမြစ် မရှိလုပ်ဟု ယူဆရ၏။

ယထာဘူတကျကျ စဉ်းစားကြည့်လျှင် လူတစ်ယောက်၏ သေဆုံးခြင်းနှင့် ပတ်သက်၍ လေ့လာလျှင် သေခြင်းဆိုင်ရာ သဘောတရားနှင့် ပတ်သက်၍ (၄)မျိုးရှိသည်ဟု သိရ၏။

ယင်းတို့ကား...

(၁) သက်တမ်းကုန်၍ သေဆုံးခြင်း၊

(၂) ကံကုန်၍ သေဆုံးခြင်း၊

(၃) အသက်ရော၊ ကံပါ နှစ်ပါးစုံ၍ သေဆုံးခြင်း၊

(၄) ကံတစ်ပါးက ဖြတ်ချ၍ ရုတ်တရက် သေဆုံးရခြင်း၊

စသည်တို့ ဖြစ်သည်။

ထို့ကြောင့် လူတစ်ဦး သေဆုံးသည်နှင့် သရဲတစ္ဆေနာနာဘာဝ ဖြစ်မည်ဟု ပုံသေနည်းဖြင့် ယူဆထား၍ မရနိုင်ကြောင်း သိရ၏။

သေဆုံးသူသည် သုဂတိနိမိတ် (ကောင်းသောနိမိတ်) ကိုမြင်၍ မြင့်မြတ်သော နတ်ပြည်သို့ကူးပြောင်းလျှင် ကူးပြောင်းနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသူသည် ယုတ်ညံ့သော "တိရစ္ဆာန်"၊ "ငရဲ" အစရှိသော ပဋိသန္ဓေယူ၍ ဘဝပြောင်းချင်လည်း ပြောင်းသွားနိုင်၏။

ဤတွင် တစ္ဆေသရဲဟု ခေါ်သည့် ပြိတ္တာဘုံဘဝသို့ ရောက်ရှိသွားတတ်သော သဘောတရားမျိုးအား ဖော်ပြလိုပါသည်။

- ဥစ္စာကို တပ်မက်၍ ပြိတ္တာ၊ တစ္ဆေ ဖြစ်ရခြင်း၊
- အလှူဒါနနည်းခြင်း၊ ဝန်တိုခြင်းတို့ကြောင့် ပြိတ္တာ တစ္ဆေ ဖြစ်ရခြင်း၊
- ရဟန်း၊ သံဃာ အစရှိသော ဆွမ်းဝတ်ကို ဖျက်ဆီး၍ ပြိတ္တာဖြစ်ရခြင်း။
- ရတနာသုံးပါး၌ မကြည်ညို၊ အမိအဖ ဆရာသမားကို ပြစ်မှား၍ ပြိတ္တာဖြစ်ရခြင်း၊
- သရဏဂုံသုံးပါး၌မတည်၊ မေ့လျော့ ပေါ့ဆစွာနေ၍ အပျော်အပါး လိုက်သောကြောင့် ပြိတ္တာ တစ္ဆေ ဖြစ်ရခြင်း၊
- တစ်စုံတစ်ခုသော အစွဲအလမ်း သံယောဇဉ်ကို မဖြတ်နိုင်သောကြောင့် ပြိတ္တာတစ္ဆေ ဖြစ်ရခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ပြိတ္တာ တစ္ဆေ ဖြစ်ထိုက်သော အကြောင်း အရာများ ရှိလေသည်။

ဥစ္စာပစ္စည်းကို မက်မောခင်တွယ်ခြင်းကား သေချာသော ပြိတ္တာဖြစ်ကြောင်းတရားဟု သိရ၏။

ဥစ္စာပစ္စည်းကို မက်မောတွယ်တာသောကြောင့် ပြိတ္တာဖြစ်သောပုံကို အင်းဝခေတ်ဆရာတော် အရှင်မဟာရဋ္ဌသာရက...

"အပါယ်တို့ရွာ
ပြိတ္တာတိုင်အောင်၊ ဥစ္စာဆောင်၏။
နောင်တမလွန်၊ ပစ္စုပ္ပန်ဟု
ရှစ်တန်ကာလ၊ နှစ်ဘဝလုံး
နှစ်ပါးရှုံး၏"

ဟု ဖော်ပြရေးသားထားခဲ့သည်။

ပစ္စည်းဥစ္စာ၌ မလှူနိုင်၊ မတန်းနိုင် အလွန်အမင်း မက်မောတွယ်တာသူသည် ပြိတ္တာဘဝ ရောက်ရသည်ဟု အမှတ်အသားရှိ၏။

ပစ္စည်းကို မလှူဒါန်း၊ စုဆောင်းသောကြောင့် ထို ပစ္စည်းကို တွယ်တာသံယောဇဉ်ဖြစ်ပြီး သေလွန်သည့်အခါ ဥစ္စာစောင့်ပြိတ္တာ ဖြစ်နေတတ်၏။

ဖိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



အကျင့်သီလ ပြည့်စုံသူပင်ဖြစ်စေ ဥစ္စာစွဲလျှင် အခိုက် အတန့် ပြိတ္တာဖြစ်ရသည့် သာဓကလည်းရှိ၏။

ပြိတ္တာ၊ တစ္ဆေသရဲတို့၏ ဖြစ်စဉ်အံရ ပြိတ္တာများသည် ဥပပါတ်ပဋိသန္ဓေ ဖြစ်သောကြောင့် ချက်ချင်းကြီးပင် လူခန္ဓာ သည် ပုံသဏ္ဌာန်ကို ပြောင်းလဲရရှိကာ ဘဝဖြစ်တတ်သည့် သဘောရှိသည်။

သူတစ်ပါး အလှူဒါနပြုသည့်အခါ သာဓုအနုမောဒနာ ခေါ်၍ ဝမ်းမြောက်ဝမ်းသာ ပြုရခြင်းဖြင့် အလှူ၏အဖို့ကို ရရှိကာ အလှူရှင်ပြုသကဲ့သို့ပင် ကုသိုလ်ရ၏။

ထိုသို့မဟုတ်ဘဲ လှူသည် တန်းသည် ကျွေးသည် မွေးသည်ကို မနာလိုဝန်တိုဖြစ်ကာ တုပြိုင်ခြင်း၊ မိမိစည်းစိမ် ကို လျှို့ဝှက်၍ ဂုဏ်တုဂုဏ်ပြိုင်ခြင်းတို့သည် အကုသိုလ် ဖြစ်၏။

သူတစ်ပါး အလှူပျက်အောင် ဖျက်ဆီးတားဆီးခြင်း၊ မိမိကိုယ်တိုင် အလှူဒါနပြုရန် တွန့်တိုခြင်းတို့ဖြင့် ပြိတ္တာဘဝ သို့ ရောက်ရဖို့များသည်ဟု ပြဆိုမှုများသည် ကျမ်းဂန်များ က ပြဆိုခဲ့သည်။

စာဖတ်သူများရဲ့
သုတေသီသက်ထွန်းမြင့်

✤



www.burmeseclassic.com